# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၀၉၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## ကိုကိုးကျွန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း

## ကိုကိုးကျွန်းဒေသတွင် လူသားအရင်းအမြစ်များ လုံလောက်စွာရှိစေရေး ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့သို့သွားရောက်၍ မြို့နယ်ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**


## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ရွာနိုင်သည်။

**မိုး/ဇလ**




မြန်မာ့အလင်း

# အိုမီခရွန်ဝင်ရောက်လာမှု လူတိုင်းကိုယ်စီ ဂရုပြုကာကွယ်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းသည် နေ့စဉ် ၂ ရာခိုင်နှုန်းအောက်သို့ ကျဆင်းလာချိန်တွင် အရှေ့အလယ်ပိုင်းဒေသမှ ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်ဖြင့် ပြန်လာသူ မိမိနိုင်ငံသားလေးဦးထံ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် ကူးစက်ခံထားရကြောင်း တွေ့ရှိရသည်။ အိမ်နီးချင်းနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ စသည့်နိုင်ငံပေါင်း ၁၀၀ ကျော်တွင် အိုမီခရွန်က ကူးစက်ပျံ့နှံ့လျက်ရှိရာ မိမိတို့နိုင်ငံတွင်လည်း ဝင်ရောက်လာနိုင်သည့်အခြေအနေအပေါ် မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုခဲ့ခြင်းကြောင့် ယခုကဲ့သို့ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ဗီဇပြောင်း မျိုးကွဲအိုမီခရွန်သည် လက်ရှိမြန်မာနိုင်ငံတွင် လွှမ်းမိုးနေသည့် ကိုဗစ်-၁၉ ဗီဇပြောင်း မျိုးကွဲ ဒယ်လ်တာထက် ကူးစက်ပျံ့နှံ့မှုနှုန်း နှစ်ဆခန့် ပိုမိုမြန်ဆန်ခြင်းကြောင့် ရောဂါကူးစက်မခံရရေးအတွက် သတိပြုနေထိုင်ကြရမည်ဖြစ်သော်လည်း အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်း မပြုကြရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထားသည်။ အိုမီခရွန်သည် ကူးစက်ပျံ့နှံ့မှု မြန်ဆန်သော်လည်း ရောဂါပြင်းထန်မှုနည်းကြောင်း၊ သို့ရာတွင် လူအများအပြားတွင် ရောဂါပိုးကူးစက်မှုမြင့်မားလာပါက ရောဂါပြင်းထန်မှု မြင့်မားသွားသည့်အနေအထားသို့ ပြောင်းလဲသွားနိုင်ကြောင်း နိုင်ငံတကာသတင်းများတွင် တွေ့ရှိရသည့်အတွက် မပေါ့မဆ သတိပြုနေထိုင်ကြရန်လိုသည်။ ရောဂါအခံရှိသည့် သက်ကြီးရွယ်အိုတစ်ဦး အိုမီခရွန်ကြောင့် ဩစတြေးလျတွင် သေဆုံးသွားကြောင်း သတင်းအရ အကြောင်းတရားတို့ ပေါင်းဆုံပါက အိုမီခရွန်သည်လည်း အသက်အန္တရာယ်ပြုနိုင်သည်ဟု သိနားလည်ထားကြရမည်ဖြစ်သည်။

အိုမီခရွန် ကူးစက်ခံခဲ့ရသည့် မြန်မာနိုင်ငံသား လေးဦးအနက် တစ်ဦးတွင်သာ ရောဂါလက္ခဏာများ တွေ့ရှိရပြီး ကျန်သုံးဦးတွင် မတွေ့ရှိရသည့်အတွက် တိတ်တဆိတ် ကူးစက်ပျံ့နှံ့နိုင်သည့် အန္တရာယ်မြင့်မားသည်ဟု ဆိုရမည်ဖြစ်သည်။ အိုမီခရွန်ဝင်ရောက်လာနိုင်သည့်အခြေအနေနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် "မိမိတို့ သတိထားရမည့် အနေအထားရှိကြောင်း၊ ဆေးရုံများအကုန်ပြင်ထားရန်လိုကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံများ၊ တပ်မတော်ဆေးရုံများအားလုံးကို ကိုဗစ်နှင့်ပတ်သက်၍ ကုသရန် သီးခြားနေရာတစ်ခုလုပ်ခိုင်းထားကြောင်း၊ သီးခြားနေရာများ၊ အောက်ဆီဂျင်ထုတ်သည့် စက်ရုံများ၊ ဆရာဝန်များ အကုန်လုံးရှိရမည်ဖြစ်ကြောင်း၊ ကိုဗစ်မရှိ၍ မလုပ်ဘူးဟူ၍ မလုပ်သင့်ကြောင်း၊ ဖြစ်လာမှ မျက်ကလဲဆန်ပျာနှင့် ဘယ်မှာမှရှာမရ၊ ဟိုပစ္စည်းသုံးမရ၊ ဒီပစ္စည်းသုံးမရ၊ ဟိုဟာရှာမရ၊ ဒီဟာရှာမရနှင့် မိမိတို့ တော်တော်ကို အခက်အခဲဖြစ်ခဲ့ဖူးကြောင်း၊ ပြည်နယ်နှင့်တိုင်းအလိုက် ပြန်၍ စစ်ဆေးကြပ်မတ်ပေးရန် ပြောလိုကြောင်း" ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဒီဇင်ဘာ ၁၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၁၈/၂၀၂၁)သို့ တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ အိုမီခရွန်နှင့် စပ်လျဉ်း၍ ကြိုတင်ဆော်ဩခဲ့ခြင်းပင်ဖြစ်သည်။

အိုမီခရွန်သည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်ပွားစေခဲ့သည့် ဒယ်လ်တာမျိုးကွဲထက် ကူးစက်မှု ပိုမိုမြန်ဆန်သည့်အပြင် ကာကွယ်ဆေးထိုးပြီးသူများနှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့ပြီး ပြန်လည်ကျန်းမာလာသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားစေနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားသည်။ ကူးစက်ခံရသူများ ရုတ်တရက်မြင့်မားလာပါက ကျန်းမာရေးစနစ်တွင် ဝန်ပိသည့်အခြေအနေလည်း ဖြစ်ပေါ်စေနိုင်ရာ ရောဂါကူးစက်မခံရရေးအတွက် တစ်ဦးချင်းက ဂရုပြုနေထိုင်ကြရန် လိုအပ်သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ အခြေခံစည်းမျဉ်းများနှင့်အညီ နေထိုင်ခြင်း၊ ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း နည်းလမ်းများဖြင့် ကိုဗစ်-၁၉ မျိုးဗီဇတို့ မည်မျှပင်ပြောင်းစေကာမူ တစ်ဦးချင်းမှစကာ တစ်မျိုးသားလုံးအဆင့်အထိ ကာကွယ်နိုင်ကြပါစေကြောင်း။ ။



## အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်။ အတက်အကျ လောကစံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက် လက်မပျက်ဘဲ ရသမျှအခွင့်အရေးကို ရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာရောက်မယ်။ ကျုပ်တို့ မြန်မာပြည်ထူထောင်နိုင်မယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ○ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေးနှင့် နေရေး၊ စားရေးတို့တွင် အဆင်ပြေမှုရှိလာပြီဖြစ်သဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာတွင် များစွာတိုးတက်ကောင်းမွန်လာပြီး ကျန်းမာရေးဆိုင်ရာများတွင်လည်း တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရ

## ○ ဒေသ၏ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ညီညီညွတ်ညွတ်ဖြင့် အတူတကွ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်

❑ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကိုကိုးကျွန်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်နယ်မှ တာဝန်ရှိသူများက လေဆိပ်တွင် လှိုက်လှဲစွာ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် နယ်မြေခံရေတပ်စခန်းဌာနချုပ် အစည်းအဝေးခန်းမတွင် ရေတပ်စခန်းမှူးက ဒေသဖွံ့ဖြိုးရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကိုကိုးကျွန်းမြို့နေ ဒေသခံပြည်သူများနှင့် ကုန်စည်များအား တပ်မတော်မှရေယာဉ်၊ လေယာဉ်များဖြင့် အပတ်စဉ်၊ လစဉ် အခမဲ့ပို့ဆောင်ပေးနေမှုအခြေအနေ၊ အုန်းနှင့် အုန်းထွက်ပစ္စည်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးမင်းအောင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး ဆေးရုံ အစည်းအဝေးခန်းမတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ဆေးရုံသမိုင်းအကျဉ်း၊ နှစ်အလိုက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုနှင့် ဒေသခံများ၏ ကျန်းမာရေးကဏ္ဍတိုးတက်လာသည့် အခြေအနေ၊ ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ၊ ရေ၊ မီး လိုအပ်ချက်များကို ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကာကွယ်ထိန်းချုပ်မှု၊ ကာကွယ်ဆေးထိုးနှံမှု၊ အသိပညာပေးမှုများ ဆောင်ရွက်ပေးနိုင်ခဲ့မှုနှင့် ရောဂါပိုးအတည်ပြုလူနာ တစ်ဦးတစ်ယောက်မျှမရှိသည်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေ၊ တပ်မတော်၏ ကျန်းမာရေးကူညီစောင့်ရှောက်မှု၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးမှုတို့ကြောင့် ဒေသခံများ၏ ကျန်းမာရေးတိုးတက်လာမှု အခြေအနေနှင့် ဆေးရုံတွင် လိုအပ်လျက်ရှိသည်များကို ရှင်းလင်းတင်ပြသည်။

### ကြိုးပမ်းဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က ကိုကိုးကျွန်းဒေသသည် ယခင်က သွားလာရေးနှင့် စားသောက်ရေးတို့တွင် များစွာအခက်အခဲများရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ချိန်မှစ၍ ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမြဲမပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ယခင်ကထက် များစွာတိုးတက်ပြောင်းလဲလာပြီဖြစ်သော်လည်း လိုအပ်ချက်များ ရှိနေဦးမည်ဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့ရေး၊ ကျန်းမာရေးတို့အတွက် ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုကိုးကျွန်းသည် အခြားကျွန်းများနှင့် မတူဘဲ လမ်းပန်းဆက်သွယ်ရေးဝေးကွာမှု အခက်အခဲများ၊ ရာသီဥတုအခက်အခဲများရှိခြင်းကြောင့် တပ်မတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်စေလိုသည့် ရည်ရွယ်ချက်ဖြင့်သာ အစဉ်အဆက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ကူညီဆောင်ရွက်ပေးနေခြင်းသာဖြစ်ကြောင်း၊ ထို့ကြောင့် နယ်မြေခံတပ်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတို့အတူတကွ ဝိုင်းဝန်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### တိုးတက်ကောင်းမွန်

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေးနှင့် နေရေး၊ စားရေးတို့တွင် အဆင်ပြေမှုရှိလာပြီဖြစ်သဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာတွင် များစွာတိုးတက်ကောင်းမွန်လာပြီး ကျန်းမာရေးဆိုင်ရာများတွင်လည်း တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရသဖြင့် ဝမ်းသာပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကို တာဝန်ပေးအပ်ရာတွင် အလှည့်ကျစနစ်ဖြင့်မဟုတ်ဘဲ နှစ်ကာလအပိုင်းအခြားဖြင့် တာဝန်ထမ်းဆောင်စေရမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးရုံအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ဆေးရုံအုပ်ကြီးထံ ထောက်ပံ့ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူတစ်ဦးအား စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ ကျွန်းပတ်လမ်းကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ထိုသို့ဆောင်ရွက်မှသာလျှင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအနေဖြင့် ဒေသခံလူထု၏ ကျန်းမာရေးအခြေအနေများနှင့် လိုအပ်ချက်များကို အတွင်းကျကျသိရှိနိုင်မည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကိုလည်း ဖိဖိစီးစီးဖြင့် အပြည့်အဝထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသ၏ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ညီညီညွတ်ညွတ်ဖြင့် အတူတကွ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

### ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

### ကြိုဆိုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး ကျောင်းခန်းမ၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးနေမှုအခြေအနေ၊ ဆရာ ဆရာမများ လိုအပ်ချက်ရှိမှုနှင့် ခန့်အပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုကိုးကျွန်းဒေသတွင် လူသားအရင်းအမြစ်များ လုံလောက်စွာရှိစေရေး ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် အဓိကလိုအပ်သည့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများကိုလည်း

## “ကိုကိုးကျွန်းသည် အခြားကျွန်းများနှင့်မတူဘဲ လမ်းပန်းဆက်သွယ်ရေးဝေးကွာမှု အခက်အခဲများ၊ ရာသီဥတုအခက်အခဲများရှိခြင်းကြောင့် တပ်မတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်စေလိုသည့် ရည်ရွယ်ချက်ဖြင့်သာ အစဉ်အဆက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ကူညီဆောင်ရွက်ပေးနေခြင်းသာဖြစ်၊ ထို့ကြောင့် နယ်မြေခံတပ်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတို့အတူတကွ ဝိုင်းဝန်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်”

တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝေးလံခေါင်းပါးသည့် ဒေသတွင် တာဝန်ထမ်းဆောင်ရသည့်သူများဖြစ်သဖြင့် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးရန်လိုကြောင်း။

### ပညာရေးစနစ်အားနည်းခဲ့

ပညာသင်ကြားရေးနှင့် ပတ်သက်၍ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏ အမျိုးသားပညာရေးစီမံကိန်း (နှစ် - ၃၀) ကို ယခင်ကအတိုင်း ဆက်လက်သင်ကြား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်ဆောင်ရွက်ခဲ့သည့် သင်ရိုးများမှ မိမိတို့နိုင်ငံ၏ လူမှုရေးစနစ်နှင့် မကိုက်ညီသည်များကိုသာ တည်းဖြတ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ပညာရေးသည် ၂၀၁၉-၂၀၂၀ ခုနှစ် ပညာသင်နှစ်အထိ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများ များစွာလျော့နည်းခဲ့ခြင်းကြောင့် ပညာရေးစနစ်အားနည်းခဲ့ကြောင်း၊ ပညာသင်ကြားရေးစနစ်ကောင်းမွန်စေရေး ဆရာ ဆရာမ များပြည့်စုံမှုရှိအောင် ဖြည့်ဆည်းရန်လိုအပ်ကြောင်း၊ *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*
နိုင်ငံတည်ဆောက်မှု State Building ၊ Nation Building များ ဆောင်ရွက်ရာတွင် အခြေခံအားဖြင့် နိုင်ငံအတွင်းပညာတတ်များ အများအပြားပေါ်ထွက်လာရန် မဖြစ်မနေလိုအပ်ကြောင်း။

**အတတ်နိုင်ဆုံး ပညာသင်ကြား**

ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားရာတွင် အတန်းပညာများအား အမှန်တကယ်တတ်မြောက်ရန်လိုအပ်သကဲ့သို့ အသိပညာများရှိစေရန်အတွက်လည်း စာအုပ်စာပေများ ဖတ်ရှုလေ့လာစေရေး တိုက်တွန်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် ကျောင်းနေအရွယ်တွင် ကလေးများအားလုံးပညာသင်ကြားနိုင်ရေး အနိမ့်ဆုံးအဆင့် KG + 9 (အခြေခံပညာ အလယ်တန်း) အဆင့်ပြီးမြောက်သည်အထိ သင်ကြားနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိပြည်သူများအားလုံး အတန်းပညာများရှိရန်လိုအပ်သဖြင့် ကျောင်းသားကျောင်းသူများအားလုံး မူလတန်းမှစ၍ တက္ကသိုလ်ပြီးဆုံးသည်အထိ အတတ်နိုင်ဆုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အသိပညာ၊ အတတ်ပညာများ တိုးတက်မြင့်မားရေး စာဖတ်ရှိန်မြှင့်တင်ရန်လည်း လိုအပ်ကြောင်း မှာကြားပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် တပ်မတော်က နိုင်ငံတော်၏ တာဝန်အား ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ နိုင်ငံတော်အား ပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**စားသောက်ဖွယ်ရာများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာ ဆရာများအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး ဆရာဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**လှည့်လည်ကြည့်ရှု စစ်ဆေး**

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ ကျွန်းပတ်လမ်းနှင့် နယ်မြေခံတပ် ဌာနချုပ်များကိုလည်းကောင်း၊ ဂျယ်ရီကျွန်းနှင့်ကျွန်းမကြီးအား ကျွန်းဆက်လမ်းဖောက်လုပ်မည့် အခြေအနေများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**စီးပွားဖြစ် ထုတ်လုပ်နိုင်ရေးဆောင်ရွက်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့၊ အုန်းနှင့် အုန်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းသို့ ရောက်ရှိကြပြီး အုန်းဆီသန့်စက်ရုံ၊ အလှဆင်ပစ္စည်းနှင့် အိမ်သုံးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းနှင့် အုန်းဆံကြိုးစက်ရုံတို့အတွင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အုန်းထွက်ပစ္စည်းများအား သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ပေါင်းစပ်၍ ယခုထက်ပိုမိုထုတ်လုပ်ပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်နှင့် ထုတ်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

**လိုအပ်သည်များ မှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံရေတပ်စခန်းဌာနချုပ်အတွင်း ဥစားကြက်များ မွေးမြူထားရှိမှုနှင့် Green House များအတွင်း သီးနှံများစိုက်ပျိုးထားရှိမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကိုကိုးကျွန်းမြို့ အုန်းနှင့် အုန်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Green House အတွင်း သီးနှံများစိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နယ်မြေခံရေတပ်စခန်းဌာနချုပ်အတွင်း ဥစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်း မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# မိမိဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် တာဝန်ကျသူများနှင့် နေထိုင်သူများဖြစ်သည့် တပ်မတော်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ပူးပေါင်းပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်း မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိရပ်ဖများ အား မြို့တော်ခန်းမ၌ တွေ့ဆုံသည်။

### လိုအပ်သည်များတင်ပြ

ဦးစွာ ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းမင်း၊ ရပ်မိရပ်ဖများဖြစ်ကြသည့် ဦးအောင်ဇော်၊ ဦးကြည်၊ ဦးမောင်မြင့်၊ ဦးသိန်းထွန်းနှင့် ဦးမောင်သန်းတို့က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသခံလူငယ်လူရွယ်များ အလုပ်အကိုင်အခွင့် အလမ်းရရှိရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် အခြေအနေ၊ ကျန်းမာရေးအတွက် ကျန်းမာရေး ဝန်ထမ်း လိုအပ်ချက်များနှင့် တပ်မတော်မှ ဆေး ကုသရေးအဖွဲ့များ ဖြည့်ဆည်းစေလွှတ်ပေးစေလို သည့် အခြေအနေ၊ ရေယာဉ်များ ဆိုက်ကပ်ပါက အဆင်ပြေစေရေးအတွက် ကမ်းထိုးတံတား မွမ်းမံ ဆောင်ရွက်ပေးစေလိုသည့်အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကာကွယ်ရေးလုပ်ငန်း ဆောင် ရွက်ပေးစေလိုသည့် အခြေအနေနှင့် ဒေသခံများ စိတ်အပန်းပြေစေရေး ဆောင်ရွက်ပေးစေလိုသည့် အခြေအနေ၊ သောက်ရေသုံးရေအတွက် အဓိက အားထားနေရသည့် ကိုကိုးရေလှောင်တမံ၏ ကြံ့ခိုင် ရေး၊ ရေလုံလောက်မှုရှိစေရေး ဆောင်ရွက်ပေးစေလို သည့် အခြေအနေ၊ ကိုကိုးကျွန်းနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင် ရွက်ပေးလျက်ရှိသဖြင့် ကျေးဇူးတင်ရှိကြောင်းနှင့် ဆက်လက်၍လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆက်လက်ကူညီဆောင်ရွက်ပေး စေလိုသည့် အခြေအနေများနှင့် ပတ်သက်၍ တင်ပြ ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းဒေသအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို တာဝန်ရှိသူတစ်ဦးထံ ပေးအပ်စဉ်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

တင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင် စန်း၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးခင်ရီ၊ ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်း၏၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး ဦးဗိုလ်ဌေးတို့က သက်ဆိုင်ရာကဏ္ဍ အသီးသီးနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းပြော ကြားရာ၌ ကိုကိုးကျွန်းမြို့နယ်၏ သွားဘက်ဆိုင်ရာ ဆရာဝန် လိုအပ်ချက်၊ ကျန်းမာရေးလိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးမည့် အခြေအနေ၊ ပညာရေးလိုအပ် ချက်များနှင့် ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည့်အခြေအနေ၊ လူငယ်လူရွယ်များ၏ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် ဒေသခံ ဘွဲ့ရလူငယ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၌ သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်တာဝန်ပေးသွား နိုင်မည့် အခြေအနေ၊ ပို့ဆောင်ဆက်သွယ်ရေးလိုအပ် ချက်များအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွား မည့် အခြေအနေ၊ အားကစားနှင့် ပတ်သက်၍ ဘောလုံးအားကစားကွင်း၌ ပွဲကြည့်စင်လိုအပ်ချက် ဖြည့်ဆည်းပေးသွားမည့်အခြေအနေနှင့် အခြား အားကစားနည်းများအတွက်လည်း လိုအပ်သည့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းပေး သွားမည့်အခြေအနေ၊ ပန်းခင်းစီမံချက်ကို နိုင်ငံတော် စီမံချက်အဖြစ်ဆောင်ရွက်၍ အသက်အရွယ် ပြည့်မီ သူ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေး အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားကြသည်။

### ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုကိုးကျွန်းဒေသ အတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် အားကစားပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဆက်သွယ်ရေး Sim Card နှင့် ငွေဖြည့်ကတ်များကိုလည်းကောင်း၊ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ECG စက်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လည်းကောင်း ပေးအပ်ကြရာ မြို့နယ်အုပ်ချုပ်ရေး မှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

*စာမျက်နှာ ၇ သို့*

# နိုင်ငံရေးပါတီများ ဆက်လက်တွေ့ဆုံ ဆွေးနွေး

**ရွေးကောက်ပွဲ မဲမသမာမှုများနှင့် ပတ်သက်၍လည်း ပြည်တွင်းပြည်ပက သိရှိအောင် ဆောင်ရွက်နေကြောင်း၊ ရွေးကောက်ပွဲတွင် မမှန်မကန် ဆောင်ရွက်ခဲ့သည့် တာဝန်ရှိသူများနှင့် ပါဝင်ပတ်သက်သူများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံရေးပါတီများ ဆက်လက်တွေ့ဆုံ ဆွေးနွေးသွားမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၃-၁၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အစည်းအဝေး (၁၈/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၆ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် မြို့မိ မြို့ဖများ၏ တင်ပြချက်များအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက်ဝန်ကြီးများမှ တိုက်ရိုက်ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ အစိုးရတစ်ရပ်၏ စွမ်းဆောင်ရည် ကောင်းမွန်ခြင်းသည် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ခန့်အပ်ထားသည့် ဝန်ထမ်းများအနေဖြင့် အရည်အချင်းများပြည့်ဝရမည်ဖြစ်သဖြင့် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီပါက ဝန်ထမ်းခန့်အပ်ခွင့်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို အားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ စစ်တမ်းများအရ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ်တွင် ကျောင်းစတင်တက်ရောက်သူဦးရေ ၁ ဒသမ ၅ သန်းရှိပြီး တက္ကသိုလ်ဝင်တန်းသို့ ရောက်ရှိသူဦးရေမှာ ၂၇၀၀၀၀ ကျော်ခန့်သာရှိခဲ့သဖြင့် ကျောင်းစတင်တက်ရောက်ခဲ့သူများအနက် ၉၀ ရာခိုင်နှုန်းသည် တက္ကသိုလ်ဝင်တန်းအောက် ပညာအရည်အချင်း၌သာရှိမည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပညာရည်မြင့်မားရေးအတွက် ငယ်ရွယ်စဉ် ကတည်းကပင် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုပြီး အမှန်တကယ် တတ်မြောက်အောင် သင်ကြား လေ့ကျင့် ပေးကြရမည်ဖြစ်ကြောင်း။

## ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေစဉ်ကာလများအတွင်း ကျန်းမာရေးကုသမှုလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်း၊ ဆေးဝါး၊ အောက်ဆီဂျင်နှင့် အခြားအခက်အခဲမျိုးစုံ၊ အကျပ်အတည်းမျိုးစုံတို့ကြားမှ မရရသည့် နည်းလမ်းများဖြင့် ကြိုးစားလုပ်ဆောင်ခဲ့ရကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ တက်ညီလက်ညီနှင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ကိုဗစ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့သည့်အခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကိုကိုးကျွန်း၌ သွားဘက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း အခက်အခဲများရှိသည်ဟု သိရှိရကြောင်း၊ နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေလိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ခြိမ်းခြောက်မှုများကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့မှုများရှိခဲ့ကြောင်း၊ သို့သော်လည်း နိုင်ငံ့ဝန်ထမ်းလိုအပ်ချက်များကို ဖြစ်နိုင်သည့် နည်းလမ်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဒေသခံများ၏ တင်ပြချက်များတွင် ပါဝင်သည့် ဒေသအတွက် အမှန်တကယ် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကောင်းမွန်မှုရှိရန်နှင့် ပညာရေးကောင်းမွန်မှုရှိရန်ဖြစ်သဖြင့် ဒေသခံများက မိမိကိုယ်ကို ဂရုစိုက်နေထိုင်ရန်နှင့် ပညာရေးကို အားပေးမြှင့်တင်ကြရမည်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းကို ဖန်တီးကြရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ကောင်းအတွက် မိမိယခင် လာရောက်စဉ်ကတည်းကပင် ခြံစည်းရိုးကာရံပေးခြင်းများ၊ လမ်းဖောက်ပေးခြင်းများ၊ သွပ်အမိုးအကာလဲပေးခြင်းများနှင့် သန့်ရှင်းသာယာလှပရေးတို့ကို လုပ်ဆောင်ပေးခဲ့ကြောင်း၊ အမြင်ကောင်းပါက စိတ်ကြည်လင်ပြီး သန့်ရှင်းသပ်ရပ်မှုကို လူတိုင်း နှစ်သက်ကြသည်မှာ လူတို့၏ စိတ်သဘောပင်ဖြစ်ကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင်သည် သန့်ရှင်းသပ်ရပ်ခြင်းသည် သက်ရှည်ကျန်းမာမှုကိုလည်း အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၇ နှစ်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ၆၅ ဒသမ ၅ နှစ်၊ ၂၀၁၇ ခုနှစ်တွင် ၆၇ ဒသမ ၄ နှစ်ရှိခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအနက် သက်တမ်းအနည်းဆုံး နိုင်ငံတစ်ခုဖြစ်နေကြောင်း၊ ကျန်းမာရေးတစ်ခုတည်းသာမက ပညာရေး၊ စီးပွားရေး ကောင်းရန်လိုအပ်မည်ဖြစ်ပြီး ပညာတတ်မှသာ အသိအမြင်များ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ အုန်းနှင့် ပတ်သက်သည့် အခြေခံစီးပွားရေးကို ယခုထက်ပိုမိုအောင်မြင်အောင် တိုးမြှင့်လုပ်ဆောင်ရန် လိုကြောင်း၊ အုန်းနှင့် အုန်းထွက်ပစ္စည်းလုပ်ငန်းကို ကိုကိုးကျွန်းမှ ပထမဆုံးလုပ်ဆောင်ခဲ့ခြင်းဖြစ်သဖြင့် စံပြဖြစ်အောင် လုပ်ဆောင်ခြင်းဖြင့် ဒေသ၏ လူနေမှုဘဝကို တိုးတက်မြင့်မားအောင် လုပ်ဆောင်ကြစေလိုကြောင်း၊ နေ့စဉ်သုံးကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီများကို အခြားဒေသများမှ မှာယူစားသုံးနေရသည့်ဒေသဖြစ်ခြင်းကြောင့် ထိုသို့ ဝယ်ယူနိုင်ရေး ဝင်ငွေရရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသ၏ အဓိကထွက်ကုန်ဖြစ်သည့် အုန်းထွက်ပစ္စည်းလုပ်ငန်းကို အောင်မြင်အောင် လုပ်ဆောင်ကြစေလိုကြောင်း။

## ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ရေ၊ မီး ရရှိမှုနှင့် ပတ်သက်၍ စနစ်ကျနစွာ သုံးစွဲရေး၊ အသုံးမှအဖြုန်းသို့ မဖြစ်စေရေး၊ လမ်းများကောင်းမွန်စေရေး၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးနှင့် ပတ်သက်၍ တစ်ဦးချင်းအသိစိတ်ဖြင့် လုပ်ဆောင်ကြစေလိုကြောင်း၊ နိုင်ငံတော်အဆင့် လုပ်ဆောင်နေသည့် ပန်းခင်းစီမံချက် နှင့် ပတ်သက်၍ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သော်လည်း အချက်အလက်များမှန်ကန်မှုရှိရန် အရေးကြီးမည်ဖြစ်ကြောင်း၊ လူဦးရေနည်းပါးသည့် မြို့နယ်ဖြစ်သဖြင့် စနစ်ကျနသည့် အုပ်ချုပ်မှုပုံစံဖြင့် ရှိရမည်ဖြစ်ပြီး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စိတ်ပါဝင်စားစွာဖြင့် လုပ်ဆောင်ကြစေလိုကြောင်း၊ ကိန်းဂဏန်း အချက်အလက် မှားယွင်းမှုများမဖြစ်စေရေး၊ မြို့နှင့် ပတ်သက်သည့် မှတ်တမ်းများ၊ သမိုင်းမှတ်တမ်းများကို စနစ်တကျပြုစုဆောင်ရွက်ခြင်းဖြင့် ခေတ်မီပြီး စည်းစနစ်ကျနသည့် မြို့တစ်ခုအဖြစ် ပုံဖော်တည်ဆောက်ကြရန်လိုကြောင်း၊ အချုပ်အားဖြင့် ပြောရမည်ဆိုပါက ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်ဖြေရှင်းဖြည့်ဆည်းပေးနိုင်ရေး ဝန်ကြီးများကို တစ်ပါတည်းခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် တာဝန်ကျသူများနှင့် နေထိုင်သူများဖြစ်သည့် တပ်မတော်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ ပူးပေါင်းပြီး ဒေသတိုးတက်ရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

## ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးနှင့်အတူ ကြီးပြင်းကြရာဝယ်

ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)

**အခြေအနေ(၁)**

လွတ်လပ်ရေးရပြီးလို့ ခြောက်နှစ်အကြာ ၁၉၅၄ ခုနှစ်မှာ ဖွံ့ဖြိုးမှု အလားအလာ အကောင်းဆုံးနိုင်ငံဟာ မြန်မာနိုင်ငံလို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းခဲ့ပါတယ်။ မြန်မာဟာ လွတ်လပ်စနိုင်ငံ၊ သယံဇာတကြွယ်ဝမှု၊ မြန်မာတို့ရဲ့ ကြိုးစားရိုးသားမှုကို အခြေခံပြီး မှတ်ချက်ချတာ ဖြစ်ပါတယ်။ တောင်-မြောက်ကိုရီးယားနိုင်ငံတို့ဟာ အချင်းချင်းစစ်ဖြစ်နေတဲ့ကာလမို့ မြန်မာကဆန်တင်ပို့နိုင်တဲ့ သဘောကြောင့် ချမ်းသာဖို့အလားအလာရှိတယ်လို့ ခန့်မှန်းတာလည်း ဖြစ်နိုင်ပါတယ်။ ထိုစဉ်က ဝန်ကြီးချုပ်ဦးနုက ဦးသန့်အား မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းကျမ်းတစ်စောင်ရေးသားရန် အကြံဉာဏ်ပေးတာကြောင့် ဦးသန့်ဟာ ၁၉၅၄ အလယ်ခန့်တွင် "ပြည်တော်သာခရီး" ဟူသော ကျမ်းပထမတွဲကို အပြီးအစီးရေးသားခဲ့ပါတယ်။

**အခြေအနေ (၂)**

လွတ်လပ်ရေးအတွက်၊ လွတ်လပ်ရေးနဲ့အတူ ကြီးပြင်းလာကြတဲ့ ပြည်တွင်းနိုင်ငံရေးအင်အားစုရဲ့ဘော်ရဲဖက်တွေဟာ ဝါဒအယူအဆကို အကြောင်းပြုလေသလား၊ အာဏာကို မက်မောတာလား၊ စိတ်ဝမ်းတွေကွဲ၊ သွေးကွဲသွားခဲ့ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်ပင် စုစည်းမှု၊ တညီတညွတ်မရှိမှု၊ တစ်တပ်တစ်ဗိုလ် ဖြစ်နေတယ်လို့ ဆိုပါတယ်။ "နိုင်ငံရေးပါတီများအနေဖြင့် အများနှင့်ဆိုင်သော အကောင်းဆုံးစံများကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားသင့်ကြသည်။ အမျိုးသား ကောင်းစားရေးအတွက် ပြင်းပြသောစိတ်ဖြင့် ဆောင်ရွက်လျှင် နှစ်အနည်းငယ်အတွင်း အောင်မြင်နိုင်ကြောင်း ဂျပန်က လက်တွေ့ပြခဲ့ပြီ။ အမျိုးသားစည်းလုံးညီညွတ်မှုကို အိပ်မက်မဖြစ်ပါစေနှင့်၊ ဘာသာရေးနှင့် လူမှုရေးတိုးတက်မှုတို့ကိုလည်း ထပ်ဖြည့်ဖို့လိုသည်" ဆိုတဲ့အကြောင်း ဂန္ထလောကမဂ္ဂဇင်း ဆောင်းပါးပါ ဦးသန့်ရဲ့ ထောက်ပြချက်ကို "မောင်ရွှေခေတ်ရေးသည့်ဦးသန့်၏ဘဝအတွေ့အကြုံများ" စာအုပ်တွင် တွေ့ရှိရပါတယ်။ လွတ်လပ်ရေးမရမီကာလမှာ ဗြိတိသျှ၊အိန္ဒိယ၊သီရိလင်္ကာနိုင်ငံတို့မှာ ဆိုရှယ်လစ်စနစ် ကျင့်သုံးတဲ့ကိစ္စဟာ ရေပန်းစားလေတော့ မြန်မာဟာလည်း ပြောဖွယ်ရာမရှိပြီ။

- ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် မြန်မာနိုင်ငံဟာ လုံးဝလွတ်လပ်တဲ့နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး သုံးလမျှမရှိမီ ဖဆပလအဖွဲ့ချုပ်ကို ဖြုတ်ချ၊ နိုင်ငံရေးအာဏာကို အရယူလိုသော ကွန်မြူနစ်ပါတီက ဖဆပလအစိုးရလက်ခံလိုက်သော လွတ်လပ်ရေး အတုသာ ဖြစ်သည်ဟု ဝါဒဖြန့်တော့ ပြည်သူလူထုအချို့ ထင်ယောင်ထင်မှား ဖြစ်ခဲ့ကြရတယ်။
- ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုသွားပါတော့တယ်။ ကွန်မြူနစ်မှိုင်းမိနေသော နိုင်ငံရေးအမြင်ကျဉ်းတဲ့ တပ်မတော်အရာရှိအချို့နဲ့ ဗမာ့တပ်မတော် တပ်ရင်းကြီးနှစ်ခုဟာလည်း လက်နက်ခဲယမ်းမီးကျောက် အမြောက်အမြားသိမ်းယူကာ တောခိုသွားကြပါတယ်။
- ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကရင်အမျိုးသားသမဂ္ဂ (ကေအင်ယူ)ဟာ အစိုးရကို တော်လှန်ပုန်ကန်ခဲ့တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီတို့က မြန်မာပြည်အလယ်ပိုင်း၊ အထက်ပိုင်းတို့ကိုသိမ်း၊ ကေအင်ဒီအိုနဲ့ ကေအင်ယူအမည်ခံ သောင်းကျန်းသူများက မြန်မာပြည်အောက်ပိုင်းသိမ်းထားတော့ ဦးနုအစိုးရ အကျပ်ရိုက်ခဲ့လေတော့တယ်။

အစိုးရဟုဆိုရတဲ့ တပ်မတော်က ကျောက်ဝိုင်းဘုရားအနီး၌သာ တပ်စွဲထားနိုင်ခဲ့တယ်။ ရန်ကုန်အစိုးရဟူ၍ခေါ်ရန်သာကျန်ပါတော့တယ်။ နိုင်ငံရဲ့အင်အားစုတွေဟာ သဟဇာတ ဖြစ်မလာကြဘဲ အချင်းချင်း အားပြိုင်အနိုင်ယူလိုမှုအောက်မှာ ပြည်သူတွေဟာ ကျီးလန့်စာစား ဖြစ်ခဲ့ရပါတယ်။ ၁၉၅၀ ပြည့်နှစ်အတွင်း ပုန်ကန်သူလက်မှ ပြန်လည်သိမ်းနိုင်ခဲ့တယ်။

**အခြေအနေ (၃)**

လွတ်လပ်ခါစ မြန်မာပြည်ရဲ့ဆုံးရှုံးမှုတန်ဖိုးဟာ ကြီးမားလွန်းကြောင်း၊ စိုက်ပျိုးနိုင်တဲ့ မြေဧရိယာရဲ့ ၃၅ ရာခိုင်နှုန်း ကောခဲ့ရကြောင်း၊ ပြည်သူပြည်သားနှစ်သောင်းနှစ်ထောင်၊ စစ်ဘက်နယ်ဘက် အမှုထမ်းပေါင်း ငါးထောင်ခုနစ်ရာတို့ အသက်ဆုံးရှုံးခဲ့ရကြောင်း မှတ်တမ်းတွေအရ သိရပါတယ်။ မြန်မာတို့ဟာ တိုင်းတစ်ပါးအောက် ရောက်ခဲ့ရပြီဆိုကတည်းက ရှန်းကန်ကြီးထွားလာခဲ့ရပုံတွေဟာ အခြားသောနိုင်ငံတွေနဲ့ မတူညီတဲ့အဖြစ် တွေ့လာရပါတယ်။ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်း၊ ကိုယ့်ဘုရင် ကိုယ့်သခင်နဲ့လွတ်လပ်တဲ့ မြန်မာနိုင်ငံဟာ တိုင်းတစ်ပါးလက် ကျရောက်ခဲ့ရတဲ့အတွက် နိုင်ငံသူရဲကောင်းများ ပြည်သူများဟာ မိမိတို့ဦးနှောက် ဖွံ့ဖြိုးအောင် မလုပ်နိုင်ရှာဘဲ ဖြစ်ခဲ့ရပါတယ်။ မြန်မာတို့ လွတ်လပ်ရေးရဲ့အရသာကို ကောင်းကောင်းမှ မမြည်းလိုက်ရဘဲ အဖြစ်ဆိုးနဲ့ တာထွက်ခဲ့ရတာ ဝမ်းနည်းဖွယ်ဖြစ်ပါတယ်။ လွတ်လပ်ရေးနဲ့အတူ ကြီးပြင်းလာခဲ့ရတဲ့ ပြည်သူတွေဟာ မျက်စိသူငယ်နားသူငယ်နဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ မျက်နှာမမူနိုင်ဖြစ်ခဲ့ကြရတယ်လို့ ခံစားရပါတယ်။ ၁၉၅၂ ခုနှစ်မှာ ပြည်ထောင်စုတစ်ဝန်း လူမှုဘဝမြင့်မားရေး ပြည်တော်သာ ရှစ်နှစ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်သော်လည်း ကြီးကြပ်မှု၊ စီမံခန့်ခွဲမှု အားနည်းချက်ရှိတာကြောင့် ပြည်သူ့အတွက် မည်မည်ရရ မဖြစ်တာတွေ့ခဲ့ရတယ်။

**အခြေအနေ(၄)**

မဝေးလှတဲ့ အတိတ်သမိုင်းကိုကြည့်လျှင် ရုံဖန်ရုံခါဆိုသလို ပြည်ထောင်စုကြီး ပြိုကွဲရေးဆီသို့ တွန်းပို့တဲ့ ခြိမ်းခြောက်မှုတွေ ကြုံတွေ့ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး ၁၀ နှစ်မှာ မြန်မာ့နိုင်ငံရေး အကျပ်အတည်းရှိခဲ့တာ တွေ့ရပါတယ်။ ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်ညီအစ်ကိုတွေရဲ့ကိစ္စ မတွေးနိုင်လောက်အောင် ဖြစ်ခဲ့ရပါတယ်။ အိုးအိမ်စည်းစိမ်တွေပျက်၊ ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းကြောင်းပေါ်သို့ မရောက်၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ စီမံအုပ်ချုပ်ရေး ချည့်နဲ့ခဲ့ရရှာပါတယ်။ လက်နက်စွဲကိုင်တဲ့ တော်လှန်လှုပ်ရှားမှုတွေကြောင့် တိုင်းပြည်ဟာအထနှေးခဲ့ပါတယ်။ နိုင်ငံမတည်ငြိမ်ရင် စီးပွားရေး မဖွံ့ဖြိုးနိုင်ဘူးဆိုတာ အားလုံးအသိ၊ စီးပွားရေး ကျဆင်းလေလေ ဆင်းရဲမွဲတေမှုနဲ့ကြုံရမှာ ဖြစ်ပါတယ်။ ဆင်းရဲမွဲတေလေ နိုင်ငံမတည်ငြိမ်လေ၊ စီးပွားရေးမဖွံ့ဖြိုး ဆင်းရဲမွဲလေလေပဲလို့ သုတေသီတို့က သုံးသပ်ပါတယ်။

> **"လွတ်လပ်ရေးရရှိဖို့ မနေ့ကကိစ္စတွေကို ခွန်နဲ့အားနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ဘိုးဘေး ဘီဘင်တွေဟာ တာဝန်ကျေပွန်ခဲ့ပါတယ်။ သူတို့ရဲ့သာယာဝပြောမှုကို ရှေ့တန်းမတင်၊ အနစ်နာခံ၊ နေ့မအား ညမနား အားထုတ်ခဲ့သူတွေ ဖြစ်ပါတယ်။ သူတို့ထားခဲ့တဲ့ အမွေအနှစ် အတွေ့အကြုံနဲ့ အသီးအပွင့်ဖြစ်တဲ့ လွတ်လပ်ရေးကို ကျွန်တော်တို့တစ်တွေ ခံစားရတာဖြစ်ပါတယ်။ မိဘ အဘိုးအဘွားတွေရဲ့ ခွန်အားအမြော်အမြင်နဲ့ စီမံပြုလုပ်ခဲ့တဲ့ အသီးအပွင့် အမွေအနှစ်တွေကို ခံစားကြသူတွေ ဖြစ်ပါတယ်။ အသက်သွေးချွေးပေးခဲ့ကြသူတွေ ဘိုးဘွားတွေကို ကျွန်တော်တို့ ပို၍ပို၍ အောက်မေ့ကြရလိမ့်မယ်"**

**အခြေအနေ (၅)**

နှစ်ဆယ်ရာစု မြန်မာနိုင်ငံသမိုင်းကို ကြည့်လျှင် မြန်မာတို့ဟာစည်းလုံးညီညွတ်ဖို့ အမြဲလိုလိုကြိုးပမ်းနေရတာ တွေ့ရပါတယ်။ လွတ်လပ်ရေးရပြီး ပြည်တွင်းမငြိမ်းချမ်းတဲ့အတွက် ပင်ကိုကောင်းမွန်တဲ့ အားတွေကို လက်နက်သုံးဖြေရှင်းရတဲ့အထိ ရောက်ခဲ့ကြရပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ထင်သလောက် ခရီးမပေါက်တဲ့ ယမ်းငွေ့တွေဝေ အသက်တွေကြွေ၊ ရပ်ရွာတွေလည်း ကျေတဲ့ကာလ အချိန်ကြာခဲ့တာဟာ လက်ငင်းအကျိုးကိုပဲကြည့်၊ ရေရှည်အကျိုး မမြော်မြင်နိုင်တာကြောင့်ပဲဖြစ်ပါတယ်။ တိုင်းရင်းသား ညီအစ်ကိုတွေ အချင်းချင်း ထိပ်တိုက်ရင်ဆိုင်မှုတွေဟာ ပြင်းထန်ခဲ့ကြပါတယ်။ တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့တစ်ဖွဲ့ ခါးသီးမှု၊ မုန်းတီးမှုထိရောက်ခဲ့လာတော့ သယံဇာတ၊ လမ်းတံတားတွေ ဆုံးရှုံးတာ အဓိကမဟုတ်၊ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်းနေလိုတဲ့ဆန္ဒ၊ အမျိုးသားအကျိုးစီးပွားရေးရှုတဲ့ဝိသေသ၊ နိုင်ငံတကာအလယ်မှာ ထည်ထည်ဝါဝါနဲ့ နေနိုင်တဲ့ လက္ခဏာတွေက အဓိကဖြစ်ကြောင်း နားလည်လာပါတယ်။ အင်အားမှန်သမျှ ညီအစ်ကိုအချင်းချင်း စစ်ခင်းရတာနဲ့ အားတွေကုန် ဘဝပျက်ရတာပဲများပါတယ်။ ဒီပြဿနာတွေကို ဖြေရှင်းရာမှာ တင်းမာမှုနဲ့ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဝင်မှုတွေဟာ ပို၍ဆိုးဖွယ်ရာပဲဖြစ်လိမ့်မယ်လို့ မြန်မာခေါင်းဆောင်များက ခံယူတဲ့အတွက် ဗလငါးတန်ဖွံ့ဖြိုးရေး၊ တိုင်းရင်းသားညီအစ်ကိုတွေနဲ့ စည်းလုံးညီညွတ်ရေး၊ ပညာရည် မြင့်မားရေးတို့ဟာ တကယ့်ကို ဦးတည်ရမယ့် အမျိုးသားရေးကိစ္စ၊ လွတ်လပ်ရေးရဲ့ အနှစ်သာရမို့ သဟဇာတဖြစ်တဲ့ စီမံအုပ်ချုပ်မှုကိုရှေးရှုခဲ့တာ တွေ့ရပါတယ်။ ကျွန်တော်တို့တစ်တွေဟာ သံသရာတစ်ကွေ့မှာ အခုလို ဆုံတွေ့ရတဲ့ဘဝကို ချစ်မြတ်နိုးကြရပါမယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတွေထားခြင်းဖြင့် မိမိတစ်ဦးတည်းလည်း ငြိမ်းချမ်း၊ တစ်တိုင်းပြည်လုံးလည်း အေးချမ်းဖွံ့ဖြိုးတိုးတက်မှုတွေ အသီးသီးရကြမှာ ဖြစ်ပါတယ်။

**အခြေအနေ(၆)**

အို... မြန်မာတို့ ... သင်ယူလော့...

- မြန်မာနိုင်ငံ ပုံတောင်ပုံညာဒေသမှာ လူဖြစ်လာမည့် အမ်ဖီသီးကပ်စ်လို့ခေါ်တဲ့ ပရိုင်းမိတ်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသန်းလေးဆယ်ကနေခဲ့ကြောင်း ဘူမိသိပ္ပံကမ္ဘာ့ပညာရှင်၊ မြန်မာပညာရှင်တွေက ဖော်ထုတ်ခဲ့တယ်။ လူသားမျိုးနွယ်အစ မြန်မာကလို့တောင် ပြောလာကြတယ်။ သမိုင်းဦးမတိုင်မီ နှစ်ပေါင်း တစ်သောင်းသုံးထောင်ကတည်းက မြန်မာဘိုးဘေးဘီဘင် မွန်ဂိုလွိုက်မျိုးနွယ်တွေ နေလာခဲ့ကြရာ ဘီစီခြောက်ရာမှာတော့ ပျူလူမျိုးတို့က အရှေ့၊ ကရမ်းတို့က အနောက်၊ သက်လူမျိုးတို့က မြောက်အရပ်နဲ့ မွန်တို့ဟာ ဧရာဝတီလွင်ပြင် စစ်တောင်းနဲ့ သံလွင်ချိုင့်ဝှမ်းလွင်ပြင် မြို့ရွာများမှာ တည်ထောင်တည်ပြီး နေခဲ့ကြပြီကော။ သမိုင်းမှတ်တမ်းများအရ ဧရာဝတီမြစ်ကြီးအနီး တကောင်း(Tagaung)မြို့ပြတည်ခဲ့ရာ ရှေးမြန်မာဘုရင်တို့ဟာ တကောင်းဒေသလူထုထဲမှ ပေါက်ဖွားလာခဲ့ပါတယ်။
- သမိုင်းမှတ်တမ်းကို ကောင်းစွာတင်နိုင်ခဲ့တာကတော့ ပုဂံခေတ်က စခဲ့တာဖြစ်ပါတယ်။ အေဒီ ၁၁၉၀ ခန့်က တောင်ဂူဘုရားအတွင်း ကျောက်သားပေါ် (Stone tablet) မှာ "မြန်မာ" (အဓိပ္ပာယ် မြန်ဆန်တောင့်တင်း) ဟူသော စာသားကို တွေ့ရပါတယ်။ "ဗမာ"ဆိုတာ ကုန်းဘောင်ခေတ်မှာ ပေါ်ခဲ့ပါတယ်။ ပုဂံခေတ်၊ ပင်းယနဲ့စစ်ကိုင်းခေတ်၊ အင်းဝခေတ်၊ တောင်ငူ- ညောင်ရမ်းခေတ်နဲ့ ကုန်းဘောင်ခေတ်ဟူသော ကာလများမှာ မြန်မာတို့ဟာ ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ဘုရင် ကိုယ့်သခင်နဲ့ လယ်ယာစိုက်ပျိုးရေးကိုအခြေပြု လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းပြုခဲ့ကာ အမျိုးဘာသာ သာသနာအကျိုးကို သယ်ပိုးတဲ့နိုင်ငံဖြစ်ခဲ့ပါတယ်။ ၁၉ ရာစုအတွင်းမှာ ကိုလိုနီလှိုင်းဂယက် နယ်ချဲ့ရဲ့အပြုအမူတွေကြောင့် မြန်မာ့ရေမြေ လူမှုစီးပွားဘဝနဲ့ သမိုင်းကြောင်းဟာ ပြောင်းလဲသွားပါတော့တယ်။

**အခြေအနေ(၇)**

- ကောင်းကင်ဝေဟင်ကကြည့်ရင် အရှေ့ဘက်မှာ ရှမ်းကုန်းပြင်မြင့်၊ အလယ်ကြောမှာ မနိမ့်မမြင့် ပဲခူးရိုးမတောင်တန်း၊ အနောက်ဘက်မှာ ရခိုင်ရိုးမတောင်တန်းကြီးများဟာ မြန်မာနိုင်ငံရဲ့ တောင်တန်းကြီးတွေပဲ။ ဟိမဝန္တာ တောင်တန်းကြီးများရဲ့အဆက် ခါကာဘိုရာဇီ၊ ဂယ်လန်ရာဇီတောင်များဟာ ရေခဲတွေနဲ့ ဖုံးအုပ်၊ မြန်မာနိုင်ငံရဲ့ မြောက်ဖျားကို သစ်တောသစ်ပင် သစ်ခွတွေနဲ့အလှဆင်၊ တောင်ဘက်ဆင်း အနောက်ဘက်ကြည့်ပြန်တော့ ပင်လယ်ကမ်းရိုးတန်းက သဲသောင်ပြင်အလှအပကို တွေ့ရပါတယ်။
- ချင်းတွင်းမြစ်ဝှမ်း၊ ဟူးကောင်းချိုင့်ဝှမ်းတောင်တန်းများကြားမှာ မြန်မာနိုင်ငံရဲ့ အကြီးဆုံးသော အင်းတော်ကြီးရေကန်၊ ချင်းတောင်တန်းကြား ရိဒ်ရေကန်တို့ဟာ သဘာဝအလှများ ဖြစ်ပါတယ်။ ရှမ်းကုန်းပြင်မြင့်အတွင်းမှာတော့ အလွန့်ကို ထူးခြားလှပတဲ့ အင်းလေးကန်ပဲ။
- ဒီတောင်တန်းကြီးများနဲ့အပြိုင်၊ ကချင်ပြည်နယ်မှာ ပူတာအိုချိုင့်ဝှမ်း၊ ဧရာဝတီချိုင့်ဝှမ်း၊ ဟူးကောင်းချိုင့်ဝှမ်း၊ မူးမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်းတွေတစ်ဝိုက် ဝဲယာမှာ လယ်ယာဆန်စပါးနဲ့ ကောက်ပဲသီးနှံတို့နဲ့

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

စိမ်းလန်းစိုပြည်နေဆဲ၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားအပေါင်းရဲ့ တေးသံသာတွေဟာ တစ်မျိုးစီ သာယာနာပျော်ဖွယ် ရှိနေဆဲဖြစ်ပါတယ်။

- ဧရာဝတီဟာ ဂင်္ဂါ၊ ရန်စီ၊ မစ္စစပီမြစ်ကြီးများကဲ့သို့ပါပဲ။ ဧရာဝတီဟာ ဟိမဝန္တာ တောင်စွယ် တောင်တန်းများကြားက မြစ်ဖျားခံကာ မြောက်မှတောင်၊ မြန်မာနိုင်ငံ အလယ်ကြောမှလည်းကောင်း၊ သံလွင်မြစ်ဟာ နိုင်ငံရဲ့အရှေ့ပိုင်း၊ ကျဉ်းမြောင်းတဲ့ ချိုင့်ဝှမ်း ထူထပ်တဲ့သစ်တောကြားက အရှိန်အဟုန်နဲ့ မြောက်မှတောင်၊ မုတ္တမ ပင်လယ်ကွေ့၊ ပင်လယ်ထဲသို့ စီးဆင်းသွားကြပါတယ်။ ဧရာဝတီ၊ သံလွင်၊ စစ်တောင်းနဲ့ချင်းတွင်းမြစ်တို့ဟာ မြန်မာနိုင်ငံရဲ့ ရေအရင်းအမြစ်များပဲ၊ ရေကြောင်းသွားလာရေးအတွက် လွန်စွာမှအရေးပါခဲ့၊ ပါလျက်ရှိနေပါတယ်။
- တောင်တန်းမြေပြန့်၊ ချိုင့်ဝှမ်းနဲ့ ဧရာဝတီ၊ သံလွင်၊ စစ်တောင်းမြစ်ကြီး သုံးသွယ် တစ်ဝိုက်နေထိုင်ကုန်သော မြန်မာတို့ဟာ ကမ္ဘာမှာ ညှော့ဝတ်ကျော၊ ဖော်ရွေပြီး ယဉ်ကျေးသိမ်မွေ့တယ်။ စာပေကျမ်းဂန်တွေ တတ်ကျွမ်းမှုရှိကြတယ်။ ရက်ရောသူတွေ၊ စဉ်းစားဆင်ခြင်တတ်တဲ့သူတွေ၊ ကူညီရိုင်းပင်းသူတွေ၊ ရောင့်ရဲတင်းတိမ်သူတွေ၊ ကိုယ်ကျိုးစွန့်လွှတ်နိုင်သူတွေပဲလို့ နာမည်ရပါတယ်။ စေတီပုထိုးနဲ့ ဘုရားတန်ဆောင်းတို့ဟာ သမိုင်းခေတ်အဆက်ဆက်မှာ ဘာသာတရား၊ မေတ္တာတရားနဲ့အညီ တင့်တယ်ခံ့ညားလျက်ရှိပါတယ်။
- ယဉ်ကျေးမှုအမွေအနှစ်တွေဟာလည်း အာရှရဲ့ပုလဲရတနာလိုတစ်မျိုး၊ ရွှေရောင်တဝင်းဝင်းနဲ့ ဘုရားစေတီတွေကိုပဲ ကြည့်ကြည့်၊ မူးမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ ဟူးကောင်းချိုင့်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်းက လယ်ယာမြေတွေမှာ သီးမှည့်နေတဲ့ စပါးနှံတွေပဲ ကြည့်ကြည့် ကမ္ဘာမှာ ရွှေနိုင်ငံလိုတစ်မျိုး အမည်ရနေပါတယ်။
- တောင်ပေါ်မြေပြန့်မြစ်စဉ်ကြီးများ တစ်ဝိုက်မှာရှိကြတဲ့ ယနေ့မြန်မာတို့ဟာ မွန်ဂိုလွိုက်၊ မွန်ဂိုမျိုးနွယ်တွေပဲ။ တိဗက်ဗမာ မွန်ခမာနဲ့ တိုင်း (Tai) ရှမ်းတို့ရဲ့ မျိုးဆက်များက ခေတ်အဆက်ဆက်တည်ထောင်ခဲ့တဲ့ မြန်မာနိုင်ငံဟာ မြောက်မှတောင် မိုင်ပေါင်း ၁၂၇၅ ကျော်၊ အရှေ့အနောက် အကျယ်ဆုံးနေရာဟာ ၅၈၂ မိုင်၊ ဧရိယာမှာ ၂၆၁၂၂၈ စတုရန်းမိုင် အကျယ်အဝန်း ရှိနေပါတယ်။ မြန်မာဟာ အရှေ့တောင်အာရှက ကုန်းမြေပြင်မှာ အကြီးဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့မြေပုံမှာ မြောက်လတ္တီကျူ ၀၉˚ ၃၂'အင်(09˚:32'N)နဲ့၂၈˚ ၃၁' အင် (28˚ :31' N) ကြား ၊ အရှေ့လောင်ဂျီကျူ ၉၁˚ ၁၀' အီး (92˚ :10'E) နဲ့ ၁၀၁˚ ၁၁' အီး (101˚:11'E) ကြားမှာ တည်ရှိပါတယ်။ နွေမိုးဆောင်း ရာသီသုံးပါးရှိရာ မြန်မာပြည် အလယ်ပိုင်းဟာ နွေရာသီမှာသာ အပူဆုံး (43.3˚C)၊ နိုင်ငံရဲ့ ကျန်ဒေသတွေမှာ ရာသီဥတုဟာ လွန်စွာကောင်းမွန်လျက်ရှိတဲ့အတွက် သဘာဝအလှအပနဲ့ မေတ္တာတရားထားတဲ့နိုင်ငံ၊ သစ်ပင်မျိုးပေါင်း ၇၀၀၀ ခန့် ရှင်သန်ကြီးထွား ပေါက်ရောက်၊ ၅၀၀ သောသစ်ခွမျိုးစုံဟာလည်း ရာသီဥတုနဲ့ မြေပြန့်တောင်တန်းအနိမ့်အမြင့်မှာ လှပနေဆဲဖြစ်ပါတယ်။ နို့တိုက်သတ္တဝါက မျိုး ၃၀၀ နီးပါး၊ ကျောရိုးရှိသတ္တဝါ မျိုး ၃၀၀ နဲ့ ငှက်မျိုးတစ်ရာ ပျော်ရွှင်စွာနေလျက်ရှိတာမို့ မြန်မာနိုင်ငံဟာ ရက္ခသတ္တတို့အတွက် နိဗ္ဗာန်တမျှပါပဲ၊ ပန်းရနံ့တွေနဲ့ သင်းကြိုင်လှပလျက်ရှိနေဆဲပဲဖြစ်ပါတယ်။
- အရှေ့တောင်အာရှမှာတော့ နယ်မြေအကျယ်ဆုံးဖြစ်ပြီး သစ်တောနဲ့ ကျောက်သံပတ္တမြား သယံဇာတကြွယ်ဝလျက် ရှိနေပါတယ်။ စိုက်ပျိုးနိုင်တဲ့ မြေကေနဲ့ ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေဧရိယာဟာလည်း ဧရာဝတီ၊ စစ်တောင်းနဲ့ဒီမြစ်ကြီးများဆီသို့ စီးဝင်နေတဲ့မြစ်ချောင်းများကို အကြောင်းပြု ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေကေဟာလည်း များစွာကျန်လျက်ရှိနေပါတယ်။

အို.. မြန်မာတို့ ... ဒီအလှအပ တန်ဖိုးတွေ မေ့နေရော့သလား။

**အခြေအနေ(၈)**

နိုင်ငံတစ်နိုင်ငံရဲ့ ရှေ့ခရီးကို ဘယ်သို့ဘယ်ပုံ ဘယ်နည်းနဲ့ ဆက်သွားမယ်ဆိုတာ သိချင်ရင် "နိုင်ငံရဲ့အနာဂတ်" ခေါင်းစဉ်နဲ့ကျင်းပတဲ့ဆီမီနာတွေ၊ ဟောပြောပွဲတွေ တက်ကြည့်ပါလို့ ဆိုပါတယ်။ အချို့ဆီမီနာတွေ ဟောပြောပွဲတွေဟာ အိုင်တီ၊ နာနိုတက်၊ ဂျီနုန်းတို့ကို ဦးတည်ပါတယ်။ အများအားဖြင့် စကားရည်လုပွဲ၊ ဒီဘိတ်တွေနဲ့အချိန်တွေ ကုန်နေကြတယ်။ အတိတ်သမိုင်း၊ စစ်မြေပြင်အကြောင်း၊ ပထဝီနိုင်ငံရေးနဲ့ ပြည်တွင်းနိုင်ငံရေးတွေကို အာရုံထားနေတာ တွေ့ရပါတယ်။ ဒီအကြောင်းတွေကို သဲကြီးမဲကြီး လက်ခုပ်တဖြောင်းဖြောင်းတီး နားထောင်ဆွေးနွေးကြရင်း အချိန်တွေ အဟောသိကံ ဖြစ်တာတွေ့ရပါတယ်။ ဒီလိုဟောပြောပွဲတွေက ထူးခြားတဲ့ အကျိုးရလဒ်တွေ ပေါ်ဖို့ထက် အနာဂတ်မှာ ပြဿနာတက်မယ့်ကိစ္စတွေချည်းပဲလို့ သုံးသပ်ကြပါတယ်။ ဘေလ်ဂိတ်ကလည်း ဘွဲ့ရမောင်မယ်တွေကို "ဟန်းဖုန်းခါးချိတ် စီမံအုပ်ချုပ်တဲ့လူ ချက်ချင်းမဖြစ်နိုင်ဘူး။ တီဗွီရုပ်ရှင်တွေလိုမဟုတ်။ အချိန်တန် လေကန်နေတဲ့ လက်ဖက်ရည်ဆိုင်ကို ကျောပေးရတာချည်းပဲ"လို့ ပြောခဲ့ပါတယ်။ ယှဉ်ပြိုင်မှုကြီးမားတဲ့ ၂၁ ရာစုခေတ်မှာ ကျွမ်းကျင်လူစွမ်းအားအရင်းအမြစ် ရှားပါးခြင်း၊ စီမံခန့်ခွဲကြီးကြပ်မှု စွမ်းရည်မှာ အကန့်အသတ်ရှိနေခြင်း၊ ရုံးအဖွဲ့အစည်းများမှာပင် စီမံခန့်ခွဲနိုင်စွမ်းအားနည်းနေခြင်းကို တွေ့ရပေလိမ့်မယ်။ ပြည်သူလူထုတစ်ရပ်လုံးဟာ တစ်ဦးချင်း တစ်ယောက်ချင်းမှသည် အဖွဲ့အစည်းတိုင်းဟာ ကျွန်တော်တို့ရဲ့ အချိန်တွေ၊ စွမ်းအားတွေနဲ့ နိုင်ငံရဲ့ သယံဇာတ ကြွယ်ဝမှုတို့ကို မိတ်ဆွေဖြစ်ဖို့ တာစူကြရလိမ့်မယ်။ ရန်သူဖြစ်ဖို့လွယ်တယ်။ ရန်သူဖြစ်သွားပြီးဆိုတာနဲ့ မိတ်ဆွေဖြစ်ဖို့ လွန်စွာခဲယဉ်းကြောင်း၊ ကမ္ဘာ့စစ်ပွဲကြီးတွေကြည့်ရင် သိနိုင်ပါတယ်။

"၂၁ ရာစုသည် ပြောင်းလဲနေသော ရာစု၊ ဆယ်နှစ်အတွင်း များစွာသော အပြောင်းအလဲများသည် ကမ္ဘာ့နေရာဒေသအများအပြားတွင် ယခင်နှစ်တစ်ရာအတွင်း ဖြစ်ခဲ့သည်တို့ထက် ပိုဖွယ်ရာရှိလိမ့်မယ်။ ဒီလိုပြောင်းလဲလာနိုင်ခြေရှိသည်တို့အတွက် များစွာသော နိုင်ငံတို့သည် အဆင်သင့်ဖြစ်နိုင်ကြမည်မဟုတ်"ဟူ၍ ၂၀၀၅ ခုနှစ် ဇူလိုင်လထုတ် Newsweek မဂ္ဂဇင်းတွင် အယ်ဒီတာက ရေးသားတာကို ဖတ်ရှုရပါတယ်။

နိုင်ငံတကာတွင် ဖြစ်စဉ်ပြောင်းလဲမှုတွေကို ကြည့်စေချင်ပါတယ်။ နိုင်ငံဟာ ကြီးသည် ငယ်သည် မဟုတ် အသီးသီးတစ်ဦးတည်း၊ တစ်နိုင်ငံတည်း ရပ်တည်ရန်လည်း မည်သို့မျှမဖြစ်နိုင်၊ သက်ရှိတို့ ပေါ်ပေါက်ကြီးပြင်းမှု သီအိုရီ (Theory of Evolution) အရ အတူတကွ သဟဇာတဖြစ်စေရန် မြော်မြင်တွေးခေါ်မှုနဲ့နေကြမှ ဘဝဟာ ရှင်သန်ပါလိမ့်မယ်။

**အခြေအနေ (၉)**

အရှေ့တောင်အာရှက ကျွန်တော်တို့နိုင်ငံဟာ မြေမျက်နှာသွင်ပြင် အမျိုးမျိုးရှိတဲ့အပြင် နေရောင်ခြည်ကိုလည်းမြင်၊ ပင်လယ်ကမ်းခြေနဲ့ ရေခဲတောင်လည်းရှိ၊ မြေဩဇာကောင်းတဲ့ စိုက်ပျိုးမြေတွေကလည်း ကျယ်ပြော၊ နုန်းတင်မြေနုသစ်တောတွေနဲ့ လမုတောကလည်းရှိ၊ သစ်ခွမျိုးစုံကအစ ပန်းရနံ့တွေကလည်း မွှေးကြိုင်လှပသာယာလျက်ရှိတဲ့နိုင်ငံပါပဲ။ နိုင်ငံသားများဟာ အလွန်ရိုးသားဖြူစင်တဲ့ လယ်သမားတွေ ဖြစ်ပါတယ်။ မြေဩဇာကောင်းတဲ့ လယ်မြေတွေ၊ နုန်းတင်မြေနု မြစ်ချောင်း အင်းအိုင်တွေကို မတိမ်ကောအောင်ကာကွယ်ရင်း ကြိုးကြိုးပမ်းပမ်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေရသူတွေများပါတယ်။ ကမ္ဘာသို့ စားသောက်ဖွယ်ရာ ဆန်စပါးနဲ့ သစ်တောသားငါး၊ သီးနှံများပို့တဲ့နိုင်ငံ ဖြစ်ပါတယ်။ စစ်လက်နက်ထုတ်တဲ့ နိုင်ငံကြီးဖြစ်ဖို့ ဝေးစွ၊ ကျောင်းကန် ဘုရားစေတီ ပုထိုးဆီသို့သွား၊ သီတင်းသီလဆောက်တည်၊ သီလသမာဓိပညာရအောင် ပုတီးစိပ်၊ သူတော်စင်တွေနေတဲ့ နိုင်ငံအဖြစ် ရပ်တည်ဆဲနိုင်ငံဖြစ်ကြောင်း ကမ္ဘာက သိဖို့ကောင်းပါတယ်။

**အခြေအနေ (၁၀)**

၂၀၀၀ ပြည့်နှစ်များမှာ ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းကြောင်းပေါ်သို့ ရောက်အောင်၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး ဖွံ့ဖြိုးလာအောင်၊ ပညာရေးလက်လှမ်းမီအောင် လူရှိတဲ့နေရာမှာ ကျောင်းဆောက်၊ ပညာတတ်သထက်တတ်အောင်၊ အရည်အချင်း မြင့်သထက်မြင့်အောင်၊ ကျွမ်းကျင်မှုအရည်အသွေး မြင့်သထက်မြင့်အောင်၊ တက္ကသိုလ်ကောလိပ်တွေ တည်ထောင်ခဲ့တာ လူ့စွမ်းအား အရင်းအမြစ်မွေးထုတ်ခြင်းပဲ ဖြစ်တယ်။ တောင်ပေါ်မြေပြန့် တိုင်းရင်းသားလုပ်ငန်းရှင်တွေ ပေါ်ပေါက်နိုင်အောင်၊ ညီအစ်ကိုအချင်းချင်း တွေ့နိုင်သွားနိုင်လာနိုင်အောင် အင်အားထည့်လုပ်ခဲ့တာတွေ အနှစ်နှစ်အလလက ကြံစည်စိတ်ကူးခဲ့တဲ့ အဝေးပြေးလမ်းမကြီးနဲ့ နေပြည်တော်ကို အကောင်အထည်ဖော်တာကို တွေ့ရပါတယ်။

**နိဂုံးချုပ်ရရင်ဖြင့်–**

လွတ်လပ်ရေးရရှိဖို့ မနေ့ကကိစ္စတွေကို ခွန်နဲ့အားနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ဘိုးဘေး ဘီဘင်တွေဟာ တာဝန်ကျေပွန်ခဲ့ပါတယ်။ သူတို့ရဲ့သာယာဝပြောမှုကို ရှေ့တန်းမတင်၊ အနစ်နာခံ၊ နေ့မအား ညမနား အားထုတ်ခဲ့သူတွေ ဖြစ်ပါတယ်။ သူတို့ထားခဲ့တဲ့ အမွေအနှစ် အတွေ့အကြုံနဲ့ အသီးအပွင့်ဖြစ်တဲ့လွတ်လပ်ရေးကို ကျွန်တော်တို့တစ်တွေ ခံစားရတာဖြစ်ပါတယ်။ မိဘ အဘိုးအဘွားတွေရဲ့ ခွန်အား အမြော်အမြင်နဲ့ စီမံပြုလုပ်ခဲ့တဲ့ အသီးအပွင့် အမွေအနှစ်တွေကို ခံစားကြသူတွေဖြစ်ပါတယ်။ အသက်သွေးချွေးပေးခဲ့ကြသူတွေ ဘိုးဘွားတွေကို ကျွန်တော်တို့ ပို၍ပို၍ အောက်မေ့ကြရလိမ့်မယ်။ မနက်ဖြန်ကိစ္စတွေဟာ အနာဂတ်လူငယ်တွေနဲ့ ပြည်သူတွေပိုင်ဆိုင်ကြပါတယ်။ တာဝန်ယူကြရလိမ့်မယ်။ ကောင်းမွေဆိုးမွေတွေထဲက ဘယ်လိုကောင်းမွေတွေကို ခွဲခြားယူကြမလဲဆိုတာ သူတို့ဆုံးဖြတ်ကြရလိမ့်မယ်။ ကောင်းမွေတွေကို ယူတတ်ဖို့နဲ့ မကောင်းတာတွေပယ်တတ်တဲ့ အရည်အချင်းနဲ့ ဉာဏ်အမြော်အမြင်တွေရှိဖို့ ပြင်ဆင်ကြရပါလိမ့်မယ်။

အို... မြန်မာတို့ ... အားကုန်ထုတ်၍ အလုပ်လုပ်ကြလော့...

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး အရေးသုံးပါးဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ အရေးသုံးပါးတစ်ခုချင်းစီဟာ တစ်ခုကိုတစ်ခု အထောက်အပံ့ဖြစ်စေတဲ့ မဏ္ဍိုင်ကြီးများပဲဖြစ်ပါတယ်။ အလွန်ကိုခိုင်ခံ့နေရမယ့် မဏ္ဍိုင်များပဲ ဖြစ်တယ်ဆိုတာ ပေါ်လွင်စေပါတယ်။ ဒါကြောင့် မမေ့မလျော့ သတိမူကြရမှာ ဖြစ်ပါတယ်။

- ဧရာဝတီ၊ သံလွင်၊ စစ်တောင်းမြစ်ကြီး သုံးသွယ်ဟာ ရေအရင်းအမြစ်မို့ အသက်သခင်ပဲ။
- မြန်မာ့ ဆန်ရေစပါး၊ သစ်ပင်ပန်းမန်နဲ့ သစ်တောကြီးတွေဟာလည်း စားဝတ်နေရေး၊ ဆေးဝါးနဲ့လေကို သန့်စင်ပေးနေတာမို့ အသက်သခင် ဖြစ်နေပြန်တယ်။
- မြန်မာ့ တောင်တန်းကြီးတွေကလည်း မုတ်သုံလေကို ထိန်းညှိကာ ရွာသွန်းတဲ့ မိုးရေဟာလည်း တန်ဖိုးကြီးလှပေတယ်။
- တောင်တန်းကြီးသုံးသွယ်၊ မြစ်စဉ်ကြီးသုံးသွယ်တစ်လျှောက်နဲ့ ပုဂံနယ်မြေဘုရားပုထိုးစေတီပေါင်း ထောင်သောင်းဟာ ဗုဒ္ဓရောင်ဝါကို ထွန်းစေတယ်။ ရတနာသုံးပါးကိုကြည်ညိုနိုင်တာမို့ မိမိတစ်ဦးတည်းလည်း ငြိမ်းချမ်း၊ တစ်တိုင်းပြည်လုံးလည်း အေးချမ်းဖွံ့ဖြိုးတိုးတက်မှုတွေ အသီးသီးရကြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ မဟာဗျူဟာကျခြင်း၊ သယံဇာတမျိုးစုံ အမယ်စုံ ပေါကြွယ်ဝခြင်း၊ ဘာသာတရားအပေါင်းရဲ့တရားတော်များနဲ့အညီ နေထိုင်နိုင်ခြင်းဆိုတဲ့ လက်ဆောင်မွန် လက်ဆောင်ကောင်း၊ ကောင်းခြင်းမင်္ဂလာနဲ့ ပြည့်စုံတာကို တွေ့ရမှာမြင်ရမှာ ဖြစ်ပါတယ်။ စိန်ခေါ်မှုတွေ မည်သို့ပင်ဖြစ်စေ လောကီ လောကုတ္တရာနှစ်ဖြာနဲ့ ကျော်လွှားခြင်းဖြင့် အေးချမ်းသာယာတဲ့ဘဝကို မျက်မှောက်ပြုနိုင်မှာဖြစ်ပါတယ်။ မြန်မာတို့တစ်တွေဟာ မိုးကုပ်စက်ဝိုင်းတစ်ဆုံးထိ လေ့လာစရာတွေဟာ ကိုယ့်ရှေ့မှာ ရှိနေတာမို့ သင်ယူဖို့၊ ခရီးဆက်ကြရဦးမယ်လို့ ယုံကြည်ပါကြောင်း မေတ္တာဖြင့် တင်ပြအပ်ပါတယ်။

## ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း




အမည် – ဒေါက်တာမောင်ကျော်
ပါမောက္ခချုပ် (ငြိမ်း)
မွေးသက္ကရာဇ် – ၉-၃-၁၉၄၃
ပညာအရည်အချင်း – B.Sc(Hons)၊ M.Sc၊ Ph.D (UK)
(ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့တွင် အလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။)



**ကျမ်းကိုး –**

- ဦးသန့်၏ ဘဝအတွေ့အကြုံများ မောင်ရွှေခေတ်။ ရန်ကုန် ပန်းဝေဝေစာပေ၊ ၂၀၁၃ ခုနှစ်
- မကြွန်သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ မြရတနာ စာပေ၊ စာစဉ်(၁) ၂၀၀၂ ခုနှစ်
- Myanmar: Facts and Figures; Ministry of Information, Myanmar, March, 2000
- နှစ်ဆယ်ရာစု မြန်မာနိုင်ငံ၊ ရန်ကုန်တက္ကသိုလ်ပညာရေးဝန်ကြီးဌာန၊
- ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆောင်းပါး(၂) ပြန်ကြားရေးဝန်ကြီးဌာန၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ
- Asia Pacific: Its Role in the new World Order,(Myanmar Burma) by M S Dobbs – Higginson, New Light of Myanmar (1998)
- Time, April 30, 2001
- Time, August 6, 2001

# အနည်းဆုံးအခကြေးငွေနှုန်းထားနှင့် မြန်မာ့အဝတ်အထည်လုပ်ငန်း အခြေအနေမှန်

**သူရိန်သော်**

လွန်ခဲ့သည့်ရက်ပိုင်းက အလုပ်သမားအဖွဲ့အစည်းတစ်ခုက မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်အခြေအနေသည် တစ်နေ့တခြား ပိုဆိုးလာကြောင်း၊ ယခုအခါ အလုပ်သမားများကို တစ်ရက်လျှင် ကျပ် ၃၆၀၀ သာရမည်ဟု အချို့သောစက်ရုံများတွင် ကြေညာမှုများရှိလာကြောင်း၊ တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီ ဆိုသည်မှာ အာမခံချက်မရှိကြောင်း၊ စက်ရုံအများအပြားတွင် အဓမ္မလုပ်အားပေးခိုင်းစေမှုများ များပြားလာကြောင်း၊ နိုင်ငံတကာအမှတ်တံဆိပ် အများအပြားသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများကို အခွင့်ကောင်းယူခြင်းဖြင့် မြန်မာအလုပ်သမားများကို အမြတ်ထုတ်သည့်လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြောင်း စသည်ဖြင့် ထုတ်ပြန်ထားသည်ကို တွေ့လိုက်ရသည်။

ထို့ပြင် Global Brand အမှတ်တံဆိပ်ကုမ္ပဏီများနှင့် Industrial Global Union(IGU) အလုပ်သမားသမဂ္ဂတို့ သဘောတူညီမှုရယူ၍ တန်ဖိုးကွင်းဆက် အဝတ်အထည်လုပ်ငန်းတွင် အလုပ်သမားများအား Living Wage ပေးနိုင်ရေး နှိုးဆော်နေသောအဖွဲ့ဖြစ်သည့် Action Colla-boration Transformation (ACT)သည် ယင်းတို့နှင့် တွဲဖက်လုပ်ဆောင်နေသည့် IGU ၏ ညီနောင်အသင်းဖြစ်သော မြန်မာနိုင်ငံ ကုန်ထုတ်နှင့် စက်မှုလက်မှုအလုပ်သမားများအဖွဲ့ချုပ် - IWFM မှ ပြည်တွင်းလုပ်ငန်းစဉ်ဆောင်ရွက်မှုများကို လွတ်လပ်စွာ လုပ်ဆောင်နိုင်ခြင်းမရှိတော့သည့်အတွက် ACT ၏ လက်ရှိဆောင်ရွက်ချက်များမှ နုတ်ထွက်ခဲ့သဖြင့် ACT သည် ယခု လတ်တလော အခြေအနေတွင် မြန်မာနိုင်ငံရှိ ယင်းတို့၏ ဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို ရပ်နားလိုက်ကြောင်း ၁၅-၁၂-၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်ချက်စာတစ်စောင် ထုတ်ပြန်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။

အဆိုပါထုတ်ပြန်ချက် နှစ်စောင်နောက်တွင် အနည်းဆုံးလုပ်ခလစာကျပ် ၃၆၀၀ နှုန်းဖြစ်သွားကြောင်း မမှန်မကန်သတင်းများနှင့် ACT ရပ်နားမှုကို မြန်မာနိုင်ငံရှိ အဝတ်အထည်လုပ်ငန်းကြီးတစ်ခုလုံး ရပ်နားသွားပြီဆိုသည့် ခေါင်းစဉ်နှင့် မမှန်သတင်း ဖြန့်ဝေမှုကိုလည်း ထပ်မံကြားသိတွေ့ရှိရပြီး ရိုးသားသည့်ပြည်သူများနှင့် အလုပ်သမားများကြား စိုးရိမ်စိတ်များဖြစ်ပေါ်နေသည်ဟုလည်း သိရှိရသည်။

ထို့ကြောင့် အမှန်သတင်းသိရှိနိုင်ရေးနှင့် ဖြစ်စဉ်အမှန်သိရှိနိုင်ရေးတို့အတွက် သက်ဆိုင်ရာ အလုပ်သမားဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ်၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများကို ဆက်သွယ်မေးမြန်းရာ သတင်းနှင့် ဖြစ်စဉ်အမှန်ကို သိရှိခဲ့ရသည့်အတွက် ပြည်သူများနှင့် အလုပ်သမားများသိရှိနိုင်အောင် အကျဉ်းချုပ်၍ ဖြန့်ဝေတင်ပြပေးချင်ပါသည်။

- **၂၀၁၈ ခုနှစ်တွင် အနည်းဆုံးအခကြေးငွေအား တစ်ရက်လျှင် ကျပ် ၄၈၀၀ နှုန်းဖြင့်လည်းကောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ပေးခဲ့ရာ ယနေ့အချိန်အထိ အနည်းဆုံးအခကြေးငွေသည် တစ်ရက်လျှင် ကျပ် ၄၈၀၀ သာဖြစ်ကြောင်း သိရှိခဲ့ရသည်**
- **အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်များအတိုင်း စက်ရုံ၊ အလုပ်ရုံများအနေဖြင့် ပေးချေနေပါကြောင်းနှင့် ပေးချေခြင်းမရှိသည့် စက်ရုံ၊ အလုပ်ရုံများ ရှိလာပါကလည်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဥပဒေနှင့်အညီ ပေးချေနိုင်ရေး စိစစ်ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိ**

**အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်း**

အလုပ်သမားဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေနှင့် အနည်းဆုံးအခကြေးငွေနည်းဥပဒေများကို သတ်မှတ်ပြဋ္ဌာန်းထားပြီး အနည်းဆုံးအခကြေးငွေဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံတော်သမ္မတမှ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေး အမျိုးသားကော်မတီကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်း သို့မဟုတ် အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊ အလုပ်ရှင် အဖွဲ့အစည်း သို့မဟုတ် အလုပ်ရှင်များ၏ ကိုယ်စားလှယ်များနှင့် အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်ပြီး မျှတစွာဆောင်ရွက်မည့် အခြားပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးထားပြီး အဆိုပါကော်မတီမှ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းစဉ်များကို အဆင့်လိုက်လုပ်ဆောင်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသဘောတူညီချက်အရ ပထမအကြိမ်အဖြစ် ၂၀၁၅ ခုနှစ်တွင် အနည်းဆုံး အခကြေးငွေအား တစ်ရက်လျှင် ကျပ် ၃၆၀၀ နှုန်းဖြင့် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ်တွင် အနည်းဆုံးအခကြေးငွေအား တစ်ရက်လျှင် ကျပ် ၄၈၀၀ နှုန်းဖြင့်လည်းကောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ပေးခဲ့ရာ ယနေ့အချိန်အထိ အနည်းဆုံး အခကြေးငွေသည် တစ်ရက်လျှင် ကျပ် ၄၈၀၀ သာဖြစ်ကြောင်း သိရှိခဲ့ရသည်။

အနည်းဆုံးအခကြေးငွေကို ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ဇ)အရ နှစ်နှစ်လျှင်တစ်ကြိမ် တိုးမြှင့်ပြင်ဆင်ခြင်း၊ ပြန်လည်အတည်ပြုခြင်းဆောင်ရွက်ရမည်ဖြစ်သော်လည်း ကမ္ဘာ့ကပ်ရောဂါ (ကိုဗစ်-၁၉) ဖြစ်ပွားနေခြင်းနှင့် ရောဂါကူးစက်မှုအန္တရာယ်ကြောင့် နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပိတ်ထား၍ ကုန်စည်စီးဆင်းမှု ရပ်တန့်နေခြင်းတို့ကြောင့် စက်ရုံ၊ အလုပ်ရုံအချို့ ပိတ်သိမ်း၊ အင်အားလျှော့ခဲ့ရပြီး အနည်းဆုံး အခကြေးငွေနှုန်းထား ပြန်လည်သုံးသပ်ပြင်ဆင်ရေး လုပ်ငန်းစဉ်များကို ခေတ္တခဏဆိုင်းငံ့ထားခြင်းဖြစ်၍ အခြေအနေ တည်ငြိမ်သွားပါက အနည်းဆုံးအခကြေးငွေနှုန်းထား ပြန်လည်သုံးသပ် ပြင်ဆင်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားကော်မတီအနေဖြင့် ထုတ်ပြန်သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေထက် လျှော့ချသတ်မှတ်လေ့မရှိဘဲ ဆက်လက်အတည်ပြုခြင်း သို့မဟုတ် တိုးမြှင့်သတ်မှတ်ခြင်းကိုသာ ဆောင်ရွက်သွားသည့် အစဉ်အလာရှိကြောင်းကိုလည်း သိရှိခဲ့ရသည်။

အနည်းဆုံး အခကြေးငွေသတ်မှတ်ချက်များအတိုင်း စက်ရုံ၊ အလုပ်ရုံများအနေဖြင့် ပေးချေနေပါကြောင်းနှင့် ပေးချေခြင်းမရှိသည့် စက်ရုံ၊ အလုပ်ရုံများ ရှိလာပါကလည်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဥပဒေနှင့်အညီ ပေးချေနိုင်ရေး စိစစ်ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိနေသည့်အပြင် အလုပ်ချိန်ကိုလည်း သတ်မှတ်အလုပ်ချိန်အတိုင်းသာ လုပ်ကိုင်ရေး၊ အချိန်ပိုရှိပါကလည်း အချိန်ပိုကို ဥပဒေနှင့်အညီဖြစ်စေရေး သက်ဆိုင်ရာအလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိနေကြောင်းနှင့် ဥပဒေချိုးဖောက်သော အလုပ်ရှင်များရှိပါကလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေကြောင်း ကြားသိခဲ့ရသည်။

**Global Brands အမှတ်တံဆိပ်ကုမ္ပဏီများမှ အမှာစာများဆက်လက်ပေးပို့မှု**

ACT အဖွဲ့က ထုတ်ပြန်ချက်နှင့် ပတ်သက်၍လည်း စိစစ်ကြည့်ရာ ACT အဖွဲ့၏ အလုပ်သမားသမဂ္ဂဆိုင်ရာ လုပ်ငန်းစဉ်များ ရပ်နားထားကြောင်း သိရပြီး ACT အဖွဲ့ဝင်များဖြစ်သည့် H&M (Sweden)၊ Inditex (Spain)နှင့် Primark (Britain) စသည့် အမှတ်တံဆိပ်ကုမ္ပဏီတစ်ခုချင်းစီ၏ မြန်မာနိုင်ငံတွင် အမှာစာများ အပ်နှံနေခြင်းနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ အဆိုပါကုမ္ပဏီများမှ အမှာစာအပ်နှံမှု ရပ်ဆိုင်းခြင်းမရှိကြောင်း စက်ရုံများထံမှ မေးမြန်းသိရှိရသည်။ အဆိုပါ အမှတ်တံဆိပ်ကုမ္ပဏီများသည် ယခုအချိန်အထိ မြန်မာနိုင်ငံရှိ စက်ရုံများတွင် အမှာစာများ ထပ်မံပေးပို့၍ အထည်များချုပ်လုပ်ပေးရန် အပ်နှံနေကြောင်း သိရှိရသည့်အပြင် အခြားစက်ရုံများလည်း ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည့်အတွက် မြန်မာနိုင်ငံရှိ အဝတ်အထည်လုပ်ငန်းကြီး တစ်ခုလုံး ရပ်နားသွားပြီဆိုသည့်သတင်းမှာ မှန်ကန်မှု မရှိကြောင်း ပေါ်လွင်ထင်ရှားနေသည်။

ထို့ကြောင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ထုတ်ပြန်ခဲ့သည့် အနည်းဆုံးအခကြေးငွေ တစ်ရက် ကျပ် ၃၆၀၀ နှင့် မြန်မာနိုင်ငံရှိ အဝတ်အထည်လုပ်ငန်းကြီးတစ်ခုလုံး ရပ်နားသွားရပြီဆိုသည့် သတင်းများမှာ မှန်ကန်မှုမရှိပါကြောင်း၊ ပြည်သူများ၊ အလုပ်သမားများအနေဖြင့်လည်း သတင်းတစ်ခုထွက်လာလျှင် မှန်/မမှန် သိရှိနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ မေးမြန်းခြင်းဖြင့် သတင်းအမှန် သိရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကျောက်ကြီး-ပဲနွယ်ကုန်းကားလမ်းပေါ်မှ တံတားနှစ်စင်း ပြုပြင်ရန်လိုအပ်နေ

**ကျောက်ကြီး ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း ကျောက်ကြီးမြို့နယ်၏ အဓိကဆက်သွယ်ရေးလမ်းကြောင်း ဖြစ်သည့် ကျောက်ကြီးမြို့နှင့် ပဲနွယ်ကုန်းမြို့ ကားလမ်းပေါ်မှ လမ်းဦးစီးဌာန၏ မြို့နယ်ချင်းဆက်တံတားများ ဖြစ်သည့် တံတားအမှတ် ၂/ ၅၇ နှင့် ၁/၁၄ ဒေသအခေါ် တူးမြောင်းတံတားနှင့် ခရုမြောင်းတံတားနှစ်စင်းမှာ သက်တမ်းကြာမြင့်ခြင်းနှင့်သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးယိုယွင်းနေသဖြင့် ပြုပြင်ရန် လိုအပ်လျက်ရှိကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

တူးမြောင်းတံတား (ခေါ်) ဟယ်မင်တန် တံတားသည် ကျောက်ကြီးမြို့အဝင် ပဲခူးရပ်ကွက်နှင့် ဆိပ်ကြီးကျေးရွာကြားတွင် တည်ရှိပြီး ၁၉၆၆ ခုနှစ်က စတင်တည်ဆောက်ခဲ့သော အရှည်ပေ ၄၀ ၊ အကျယ် ၁၂ ပေ နှင့် ခံနိုင်ဝန် ၁၃ တန်ရှိ သံပေါင်တံတားအမျိုးအစား ဖြစ်သည်။ လက်ရှိအခြေအနေတွင် နုတ်သံကွင်း စစ်တောင်းမြစ်ကူးတံတားကြီးရှိနေပြီး ယာဉ်အသွားအလာ များပြားလာမှုကြောင့် တစ်လမ်းသွား တံတားဖြစ်ကာ တံတား၏ ခံနိုင်စွမ်းအား နိမ့်ပါးလာခြင်းတို့ကြောင့် ခရီးသွားပြည်သူများအတွက် အန္တရာယ်ရှိနေကြောင်း ဒေသခံများက ပြောသည်။

ခရုမြောင်း တံတားမှာ ကျောက်ကြီးမြို့နယ် ညောင်ကုန်းကျေးရွာနှင့် ရန်မျိုးအောင်ကျေးရွာ ကြားတွင် တည်ရှိပြီး အရှည်ပေ ၈၀ ၊ အကျယ် ၁၈ ပေနှင့် ခံနိုင်ဝန် တန် ၂၀ ရှိ သံကူကွန်ကရစ် တံတား အမျိုးအစားဖြစ်သည်။ အင်းပေါ်တွင် တည်ဆောက်ထားသောတံတားဖြစ်ပြီး ယခင်က မိုင်းခွဲဒဏ် ခံခဲ့ရသောကြောင့် တံတား ရေလယ်တိုင်များမှာ နိမ့်ကျပြီး တံတားပြိုကျပျက်စီးမည်ကို ဒေသခံများက စိုးရိမ်နေကြကြောင်း သိရသည်။

ကျောက်ကြီးမြို့ သည် ကျောက်ကြီး- ပဲနွယ်ကုန်းကားလမ်းကို ဗဟိုပြု၍ ကျောက်ကြီးနှင့် ရန်ကုန်၊ မြဝတီ၊ တောင်ငူ၊ နေပြည်တော် အဝေးပြေးယာဉ်လိုင်းများ ပြေးဆွဲလျက်ရှိပြီး မြို့နယ်အတွင်းမှ အုတ်၊ သဲ၊ ကျောက်နှင့် ဂဝံမြေများကို ယာဉ်ကြီးများဖြင့် သယ်ယူပို့ဆောင်လျက်ရှိခြင်း၊ လူ့အသုံးအဆောင်နှင့် စားသောက်ကုန်ပစ္စည်းများ တင်ဆောင်သည့် ကုမ္ပဏီယာဉ်နှင့် ကုန်စည်ယာဉ်ကြီးယာဉ်ငယ်များဖြင့် နေ့စဉ် မော်တော်ယာဉ်အစီးရေ ၃၀၀ ခန့်နှင့် အခြား အိမ်စီးမော်တော်ယာဉ်၊ ထော်လာဂျီ၊ ဆိုင်ကယ်နှင့် ကုမ္ပဏီမော်တော်ယာဉ် အစီးရေ ၇၀၀ ခန့် ဖြတ်သန်းသွားလာနေသော လမ်းပေါ်ရှိ တူးမြောင်းတံတားနှင့် ခရုမြောင်းတံတားများကို အချိန်မီ ကွင်းဆင်းစစ်ဆေး ပြုပြင်ထိန်းသိမ်းရန် လိုအပ်လျက်ရှိကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**ကိုသားကြီး( ကျောက်ကြီး)**

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စတုတ္ထအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နိုင်ငံ၏အဓိကစားနပ်ရိက္ခာဖြစ်သည့် ဆန်စပါးဖူလုံရေး၊ ဒေသတွင်း သီးနှံထုတ်လုပ်မှု မြင့်မားရေးနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားဖွံ့ဖြိုးမှု တိုးတက်လာရေးအတွက် လယ်ယာမြေများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံဆောင်ရွက်လျက်ရှိသည့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် စတုတ္ထအကြိမ်မြောက် ကျင်းပသည့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ်၊ လယ်ယာမြေဥပဒေကိုပြင်ဆင်သည့် ဥပဒေအရ လယ်ယာမြေနည်းဥပဒေ (မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး ဆွေးနွေးနိုင်ရန်ကိစ္စ၊ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် လျော်ကြေး၊ နစ်နာကြေးပေးချေရမည့်ကိစ္စ၊ သာသနာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးတို့အတွက် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် တင်ပြလာသည့် ကိစ္စရပ်၊ လယ်မြေကို သီးနှံပြောင်းလဲစိုက်ပျိုးခွင့်ပြုပါရန် တင်ပြလာသောကိစ္စ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်ရမြေကို လယ်ယာမြေအဖြစ်



ပြောင်းလဲခွင့် လျှောက်ထားလာသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ စိစစ်တင်ပြလာသော ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ခရီးသွားလုပ်ငန်းသည် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အရေးပါသည့်လုပ်ငန်းကဏ္ဍတစ်ခုဖြစ်

**ပဲခူး ဒီဇင်ဘာ ၂၈**



ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် လုပ်ငန်းကဏ္ဍတစ်ခုဖြစ်သကဲ့သို့ တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် အရေးပါသည့် လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ အစည်းအဝေး (၃/၂၀၂၁) ၌ ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအနေဖြင့် ယခင်ရှိပြီး ခရီးစဉ်ဒေသများကို သန့်ရှင်း သာယာလှပရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ခရီးစဉ်ဒေသ အသစ်များကိုလည်း ဖော်ထုတ်ဆောင်ရွက်လျက် ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ အင်း၊ ဆည်၊ ရေလှောင်တမံများမှာလည်း အပန်းဖြေစခန်းများ တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက တိုင်းဒေသကြီးအတွင်း ဟိုတယ်လုပ်ငန်းလိုင်စင်အသစ် လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပိုင်ရှင်အမည် ပြောင်းလဲခြင်းတို့ကို ရှင်းလင်းတင်ပြရာ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဝင်များက အကြံပြုဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြည်မြို့၌ အပျော်တန်း စက်ဘီးစီးပြိုင်ပွဲ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ခရီးစဉ်ဒေသ အသစ်အနေဖြင့် ပဲခူးရိုးမဖြတ်လမ်း (အုတ်တွင်း- ပေါက်ခေါင်းလမ်း) မိုင်တိုင်အမှတ်(၅၈/၄)ရှိ ခပေါင်း(ECO RESORT)ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း(CBT)အဖြစ် ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ လည်းကောင်း၊ အုတ်တွင်းမြို့နယ် ဘုန်းတောင်ကြိုးဝိုင်းအတွင်း ဆင်ဆေးရုံကို အခြေပြု၍ လည်းကောင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

၃။ ထိုသို့စစ်ဆေးရာတွင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအနက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသော ခတ်ခွဲနမူနာ(၃၀) ခုအား (၁၄-၁၂-၂၀၂၁)ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇ စတင်စစ်ဆေးခြင်းအား ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ (၂၈-၁၂-၂၀၂၁)ရက်နေ့တွင်ရရှိသော စစ်ဆေးမှုအဖြေအရ ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့မှ Relief Flight ဖြင့် ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသား (၄)ဦး၏ ခတ်ခွဲနမူနာများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး တွေ့ရှိရပြီး ကျန်ခတ်ခွဲနမူနာ(၂၆) ခုတွင် SARS-CoV-2 Variant Delta ရောဂါပိုး တွေ့ရှိရပါသည်။

၄။ အိုမီခရွန်ရောဂါပိုး ခတ်ခွဲတွေ့ရှိသူ (၄)ဦးအနက် (၁)ဦးသာလျှင် သာမန်ရောဂါလက္ခဏာတွေ့ရှိရပြီး ကျန်(၃)ဦးသည် ရောဂါလက္ခဏာ မတွေ့ရှိရပါ။ ယင်းပုဂ္ဂိုလ်(၄)ဦးစလုံးအား ကုသရေးစင်တာများတွင် စောင့်ကြပ်ကြည့်ရှု၍ သတ်မှတ်ရက်ပြည့်မြောက်ပြီး ကျန်းမာရေး ကောင်းမွန်သောကြောင့် ကုသရေးစင်တာမှ ဆင်းခွင့်ပြုခဲ့ပါသည်။ လက်ရှိအချိန်တွင်လည်း အဆိုပါပုဂ္ဂိုလ်(၄)ဦးသည် ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့ညနေပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နယ်မြေခံတပ်ရင်းရှိ မွေးမြူရေး လုပ်ငန်းများအား သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများ ပုသိမ်မြို့ နယ်မြေခံတပ်ရင်းတွင် ဆောင်ရွက်ထားရှိသော မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

# အမေရိကန်၌ အိုမီခရွန်ကြောင့် နေ့စဉ်ကူးစက်မှုမှာ နှစ်သိန်းအထိရှိလာ

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ မျိုးကွဲ အိုမီခရွန်ကူးစက်မှုများ များပြားလာပြီး ခရစ္စမတ်ကာလ အားလပ်ရက်ရာသီတွင် ဝန်ထမ်းအင်အား ပြတ်တောက်မှုကြောင့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းနေရသည်။

တစ်ပတ်တာအတွင်း ပျမ်းမျှနေ့စဉ်ကူးစက်မှုနှုန်းမှာလည်း ၂၀၆၅၀၀ အထိ ရှိလာသည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။ နယူးယောက်ပြည်နယ်တွင် ဒီဇင်ဘာ ၂၄ ရက်တစ်ရက်တည်းတွင်ပင် ကူးစက်ခံရသူ ၄၉၇၀၈ ဦး တွေ့ရှိခဲ့သည်။

ဒီဇင်ဘာ ၂၇ ရက်တွင် နယူးယောက်မြို့၌ ကိုဗစ်-၁၉ ဆေးစစ်မှုခံယူရန် လူများ တန်းစီစောင့်ဆိုင်းနေခဲ့ကြသည်။ ဆေးလာစစ်သည့် အမျိုးသားတစ်ဦးကမူ ၎င်းမှာ တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသော်လည်း ၎င်း၏ ဖခင်နှင့် မတွေ့ဆုံမီ ကြိုတင်ကာကွယ်သည့်အနေဖြင့် လာရောက်ဆေးစစ်မှု ခံယူခြင်းဖြစ်ကြောင်း ပြောသည်။

ခရစ္စမတ်အားလပ်ရက် သီတင်းပတ်အကုန်တွင် လေယာဉ်ခရီးစဉ်ပေါင်း ၃၀၀၀ ကျော်ကို ဖျက်သိမ်းလိုက်ရသည်ဟု အမေရိကန်မီဒီယာကြီးများတွင် ဖော်ပြကြသည်။ တချို့သော လေယာဉ်ခရီးစဉ်ဖျက်သိမ်းမှုများမှာ ရာသီဥတုဆိုးရွားမှုကြောင့် ဖြစ်သည်။

လေယာဉ်အမှုထမ်းများနှင့် လေယာဉ်မှူးအချို့မှာ အသွားအလာ စောင့်ကြည့်ကန့်သတ်ခံထားရသည့်အတွက် ဝန်ထမ်းအင်အားပြတ်တောက်မှုများ ဖြစ်ပေါ်လာသည်ဟု အချို့က အပြစ်တင်ကြသည်။

**အင်န်အိတ်ချ်ကေ**




နယူးယောက်၌ တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

# ကွန်ဂိုနိုင်ငံ၌ ကာလဝမ်းရောဂါကာကွယ်ဆေးထိုးနှံမှု အရှိန်မြှင့်တင်

**ကင်ရှာဆာ ဒီဇင်ဘာ ၂၈**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဒီဇင်ဘာ ၂၈ ရက်က ကာလဝမ်းရောဂါကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းများကို လူဦးရေ နှစ်သန်းအား လျာထားကာ လုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

ရောဂါဖြစ်ပွားမှုနှုန်း ရပ်တန့်ရန်အတွက် အရှေ့ပိုင်း ပြည်နယ်သုံးခုရှိ အသက် တစ်နှစ်နှင့်အထက်များကို ကာကွယ်ဆေးထိုးနှံပေးမှုများ လုပ်ဆောင်ပေးခြင်းဖြစ်သည်ဟု ကျန်းမာရေး အာဏာပိုင်များက ပြောသည်။

ဟာ့လိုမာမီ၊ တောင်ပိုင်းကီဗူနှင့် တန်ဂန်နီးကါပြည်နယ်တို့တွင် ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းများကို လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းပေါင်း ၃၆၀၀ ဝန်းကျင် ပါဝင်လုပ်ဆောင်ပေးပြီး အဆိုပါ ကာကွယ်ဆေးထိုးပေးမည့် လှုပ်ရှားမှုမှာ ခြောက်ရက်ကြာမြင့်မည်ဟု သိရသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ကာလဝမ်းရောဂါဟု သံသယရှိသူ ၈၂၇၉ ဦးရှိပြီး သေဆုံးသူ ၁၅၃ ဦးရှိသည်။ ကာလဝမ်းရောဂါသည် စိုးရိမ်ရသည့်ရောဂါဖြစ်ပြီး မကုသဘဲထားပါက နာရီပိုင်းအတွင်း အသက်သေဆုံးနိုင်သည်။ မတ်လနှင့် ဇူလိုင်လအတွင်းကလည်း လူဦးရေ ၁ ဒသမ ၄ သန်းကို ကာလဝမ်းရောဂါကာကွယ်ဆေးထိုးပေးခဲ့သည်။

**ဆင်ဟွာ**



# ဗီယက်နမ်နိုင်ငံ၌ ပထမဆုံး အိုမီခရွန်ကူးစက်မှု တွေ့ရှိ

**ဟန္နိုင်း ဒီဇင်ဘာ ၂၈**

ဗီယက်နမ်နိုင်ငံ၌ ပထမဆုံး အိုမီခရွန်ကူးစက်မှုကို တွေ့ရှိခဲ့ပြီး ဟန္နိုင်းမြို့ရှိ အသွားအလာစောင့်ကြည့်ကန့်သတ်ရေးစင်တာတွင် ထားရှိစဉ် တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါလူနာမှာ ဒီဇင်ဘာ ၁၉ ရက်ကတည်းက ဗြိတိန်နိုင်ငံမှ ဟန္နိုင်းမြို့သို့ ပြန်လာသူဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ခံထားရသည်ဟု တွေ့ရှိခဲ့သည်။ ထို့နောက် ၎င်းကို အသွားအလာစောင့်ကြည့်ကန့်သတ်ရေးစင်တာတွင် ထားရှိခဲ့သည်။ ထို့နောက် ၎င်း၏နမူနာကို စစ်ဆေးကြည့်ရာ အိုမီခရွန်ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဟန္နိုင်းမြို့အစိုးရအဖွဲ့ကလည်း အိုမီခရွန်ကူးစက်ပျံ့နှံ့နေသည့် နိုင်ငံများမှ ပြန်လာသူများအားလုံး ကာကွယ်ဆေးထိုးပြီးသည်ဖြစ်စေ၊ မထိုးရသေးသည်ဖြစ်စေ အသွားအလာစောင့်ကြည့်ကန့်သတ်မှုခံယူရမည်ဟု အမိန့်ထုတ်ခဲ့သည်။ ဒီဇင်ဘာ ၂၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၆၆၆၅၄၅ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# အမေရိကန်၌ ရောဂါကြောင့် သီးခြားခွဲထားသည့်ကာလကို လျှော့ချရန် စီဒီစီအကြံပေးထား

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

အမေရိကန်တွင် ဝန်ထမ်းအင်အား ပြတ်တောက်မှုဖြစ်စဉ်များကို စိုးရိမ်သည့်အတွက် ကိုဗစ်-၁၉ ကူးစက်ခံထားရသူများကို သီးခြားခွဲထားသည့်ကာလကို ၁၀ ရက်မှ ၅ ရက်အထိ လျှော့ချရန် အမေရိကန် ကျန်းမာရေးအာဏာပိုင်များက ထောက်ခံချက်ပေးခဲ့သည်။




စီဒီစီ အဆောက်အအုံအား တွေ့ရစဉ်။

ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် လမ်းညွှန်မှုများကို အသစ်ထုတ်ပြန်ထားကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ(စီဒီစီ) က ပြောသည်။ အသစ်ထုတ်ပြန်ထားသည့် လမ်းညွှန်မှုများအရ ကိုဗစ်-၁၉ ကူးစက်ခံထားရသူများအတွက် သီးခြားခွဲနေထိုင်ရမည့်ကာလကို ငါးရက်ဖြစ်သင့်သည်ဟု ဖော်ပြထားပြီး အကယ်၍ အဆိုပါကာလအပြီး ရောဂါလက္ခဏာမပြပါက သီးခြားခွဲထားမှုကို ရပ်တန့်သင့်သည်ဟု ဖော်ပြထားသည်။

ကာကွယ်ဆေးထိုးပြီးသည်ဖြစ်စေ၊ မထိုးရသေးသည်ဖြစ်စေ ယင်းသို့ လုပ်ဆောင်နိုင်ကြောင်း ဖော်ပြထားသည်။ နောက်ထပ်ငါးရက်တာကာလအတွင်း ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည်ဖြစ်ပြီး လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လိုပါကလည်း ဝင်ရောက်နိုင်သည်ဟု ဖော်ပြထားသည်။

ဗိုင်းရပ်စ်နှင့် ထိတွေ့မှုရှိသော်လည်း တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသား သို့မဟုတ် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသည်မှာ ခြောက်လအတွင်းရှိပြီး ဗိုင်းရပ်စ်နှင့် ထိတွေ့မှုရှိကာ ၁၀ ရက်အတွင်း ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ထားပါက သီးခြားခွဲနေထိုင်ရန်မလိုဟု သိရသည်။

မကြာသေးမီက တွေ့ရှိခဲ့သော လေ့လာမှုများအပေါ်မူတည်ကာ စီဒီစီမှ ညွှန်ကြားမှုများကို အသစ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်၌ အိုမီခရွန်ကူးစက်မှုမှာ ပျံ့နှံ့နေပြီး အလုပ်သမားပြတ်လပ်မှုပြဿနာမှာ စိုးရိမ်စရာကောင်းသည့် ပြဿနာဖြစ်လာသည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် လူခြောက်ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၈**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်ထွန်ခဝါပြည်နယ် ဟန်ဂူခရိုင်တွင် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ ကလေးသုံးဦး အပါအဝင် လူခြောက်ဦး သေဆုံးခဲ့သည်ဟု ဒီဇင်ဘာ ၂၈ တွင် ဒေသတွင်းမီဒီယာများ၌ ဖော်ပြကြသည်။

အပူပေးသည့်ကိရိယာမှ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ပြီး အိမ်ရှိလူများအားလုံးမှာ အိပ်ပျော်နေသည့်အချိန်ဖြစ်ကြောင်း ကယ်ဆယ်ရေးလုပ်သားများက ပြောသည်။ နေအိမ်တစ်ခုလုံး ဓာတ်ငွေ့များနှင့် ပြည့်နှက်နေပြီး လူအသက်သေဆုံးသည်အထိ ဖြစ်စေခဲ့သည်ဟု သတင်းများတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားတွင် ပထမဆုံးပြည်တွင်း အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်သူတစ်ဦးတွေ့ရှိပြီး စုစုပေါင်း ၄၇ ဦးရှိ

ဂျကာတာ ဒီဇင်ဘာ ၂၈

**အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာတွင် ဒီဇင်ဘာ ၂၈ ရက်က ပထမဆုံး ပြည်တွင်းအိုမီခရွန် ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူတွေ့ရှိခဲ့ကြောင်းနှင့် အစိုးရကို ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ခြင်းကို ခြေရာခံရာတွင် ပိုပြီး သတိကြီးကြီးဖြင့် လုပ်ဆောင်ရန် သတိပေးလိုက်ခြင်းဖြစ်သည်။**



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ တမ်ရင်းလမ်းတွင် ပြည်သူများ ပါးစပ်နှာခေါင်းစည်း တပ်ဆင်သွားလာနေသည်ကို တွေ့ရစဉ်။

အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူမှာ အသက် (၃၇ နှစ်) အရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်းနှင့် လွန်ခဲ့သည့် လအနည်းငယ်အတွင်း နိုင်ငံရပ်ခြားခရီးသွား ရာဇဝင်လုံးဝမရှိကြောင်း သို့မဟုတ် ပြည်ပခရီးသွားနှင့် ထိတွေ့ခဲ့ခြင်း မရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရေး ပြောရေးဆိုခွင့်ရှိသူ ဆီတီနာဒီယာ တာမီဇီက အွန်လိုင်းသတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသည် ဆူမားတြား မြောက်ပိုင်း မီဒန်မြို့မှ ဂျကာတာသို့ ဒီဇင်ဘာ ၆ ရက်က ရောက်ရှိလာခဲ့သည်။ ရောက်သည့်နေ့မှာပင် ၎င်းနှင့် ၎င်း၏ဇနီးတို့သည် ဆူဒါမန်ဗဟိုစီးပွားရေး ဒေသရှိ ဈေးဝယ်ကုန်တိုက်တစ်ခုသို့ သွားရောက်ခဲ့သည်။

မီဒန်သို့မပြန်ခင် ဆေးရုံ၌ ကိုဗစ်-၁၉ စစ်ဆေးခဲ့ရာ ၎င်းတွင် အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ဒီဇင်ဘာ ၂၆ ရက်က ကူးစက်မှုကို အတည်ပြုခဲ့သည်။ ၎င်း၏ဇနီးတွင်မူ မည်သည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်မှ ကူးစက်ဖြစ်ပွားခြင်းမရှိကြောင်း တွေ့ရှိခဲ့သည်။

ဌာနဆိုင်ရာအရာရှိများသည် ၎င်းနှင့်အနီးကပ် ထိတွေ့ခဲ့သူများကို ခြေရာခံပြီး ဆေးရုံနှင့် ကုန်တိုက်သို့လာရောက်သူများနှင့် ပိုးတွေ့လူနာနေထိုင်ခဲ့သော ဂျကာတာမြောက်ပိုင်းရှိ တိုက်ခန်းသို့ လာရောက်သူများကို ကိုဗစ်-၁၉ စစ်ဆေးရန် တို့ဖတ်နမူနာများ ရယူခဲ့ကြောင်း သိရသည်။

ယခုတွေ့ရှိခဲ့သော ပိုးတွေ့လူနာအပါအဝင် နိုင်ငံအတွင်း အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားလျက်ရှိသူ ၄၇ ဦးအထိ ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားတွင် အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူ ၄၄၉ ဦးအထိရှိလာ

ဆိုးလ် ဒီဇင်ဘာ ၂၈

**တောင်ကိုရီးယားနိုင်ငံတွင် ဒီဇင်ဘာ ၂၇ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ပါက ၃၈၆၅ ဦးတိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၁၅၃၂ ဦးအထိ ရှိလာခဲ့သည်။**



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်ရှိ ဈေးဝယ်စင်တာများ တည်ရှိရာနေရာတွင် ပြည်သူများ ပါးစပ်နှာခေါင်းစည်း တပ်ဆင်သွားလာနေကြသည်ကို တွေ့ရစဉ်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယမန်နေ့ အမြင့်ဆုံး ကူးစက်ဖြစ်ပွားသူ အရေအတွက် ၄၂၀၆ ဦးထက် အနည်းငယ် လျော့နည်းခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၀၀၀ အောက်ရောက်ရှိခဲ့သည်မှာ ၂၈ ရက်ဆက်တိုက်ရှိပြီဖြစ်သည်။

မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်ဒေသ၏ ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုကြောင့် ဖြစ်ကြောင်း သိရသည်။ ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၁၂၅၄ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ၁၀၄၅ ဦးမှာ ချုံဂီပြည်နယ်မှဖြစ်ပြီး ၂၃၃ ဦးမှာ အင်ချွန်းမှဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် မြို့တော်မဟုတ်သော ဒေသတွင်လည်း ကူးစက်ပျံ့နှံ့လျက်ရှိပြီး မြို့တော် မဟုတ်သော ဒေသများတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၄၅ ဦး သို့မဟုတ် ၃၃ ဒသမ ၀ ရာခိုင်နှုန်း ရှိလာခဲ့သည်။

အိုမီခရွန် ဗိုင်းရပ်စ်သစ် ကူးစက်ခံရသူ ၄၄၉ ဦးအထိ ရှိလာခဲ့ပြီး နိုင်ငံခြားကူးစက်ဖြစ်ပွားသူ ၁၈၃ ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၂၆၆ ဦး ဖြစ်ကြောင်း သိရသည်။ ယမန်နေ့ကထက် လေးဦးတိုးလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး စိုးရိမ်ရသော အခြေအနေ ခံစားနေရသူ ၁၁၀၂ ဦးအထိ တိုးလာခဲ့ပြီး ယမန်နေ့ကထက် ၂၄ ဦး တိုးလာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ၄၆ ဦး ထပ်မံ သေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၅၃၄၆ ဦး အထိရှိလာခဲ့ပြီး သေဆုံးနှုန်းမှာ ၀ ဒသမ ၈၇ ရာခိုင်နှုန်းရှိသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက် ကာကွယ်ဆေးထိုးမှုများ စတင်ပြုလုပ်ခဲ့ချိန်မှစကာ ယခုအချိန်အထိ လူပေါင်း ၄၄၀၆၄၂၃၉ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၈၅ ဒသမ ၈ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးသူပေါင်း ၄၂၁၈၄၄၂၅ ဦး သို့မဟုတ် ၈၂ ဒသမ ၅ ရာခိုင်နှုန်းရှိပြီဖြစ်ပြီး အပိုဆောင်း ကာကွယ်ဆေးထိုးပြီးသူ ၁၅၉၅၁၁၄၀ သို့မဟုတ် ၃၁ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။

**ဆင်ဟွာ**

## နိုင်ငံအတွင်းရှိ လူများအားလုံးကို အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ဂျပန်စီစဉ်

**တိုကျို ဒီဇင်ဘာ ၂၈**

ဂျပန်အစိုးရသည် နိုင်ငံအတွင်းရှိလူအားလုံးအတွက် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါးက ဒီဇင်ဘာ ၂၈ ရက်တွင် ပြောကြားလိုက်သည်။

ပြည်သူများ ဘေးကင်းစေရန် နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ဆန့်ကျင်ကာကွယ်ရေး လုပ်ဆောင်ချက်များကို အကောင်းဆုံးလည်ပတ်လုပ်ဆောင်လျက်ရှိကြောင်း ကီရှီးဒါးက ပြောကြားလိုက်သည်။ ဒီဇင်ဘာလအစမှာပင် ဂျပန်နိုင်ငံသည် ကျန်းမာရေးဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ် စတင်ထိုးပေးခဲ့သည်။ နောက်ပိုင်းတွင် သက်ကြီးနိုင်ငံသားများကို နောက်နှစ် ဖေဖော်ဝါရီမှစကာ စတင်ထိုးနှံပေးသွားရန် စီစဉ်ထားသည်။ နောက်ပိုင်းမှသာ ကျန်ရှိသည့် နိုင်ငံသားများကို ဆက်လက်ထိုးပေးသွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## မလေးရှားတွင် ၇၈ ဒသမ ၄ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီး

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၈**

မလေးရှားနိုင်ငံတွင် ဒီဇင်ဘာ ၂၇ ရက် ညသန်းခေါင်အချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၇၅၇ ဦးအထိ ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာစုစုပေါင်း ၂၇၄၃၉၃၆ ဦး ရှိလာပြီဖြစ်သည်။

အသစ်ထပ်မံ ကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၁၆၃ ဦးမှာ ပြည်ပ ကူးစက်သူများဖြစ်ပြီး ၂၅၉၄ ဦးမှာ ပြည်တွင်းကူးစက်သူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ၄၂၉၁၇ ဦး ရှိသည့်အနက် ၂၉၇ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိပြီး ၁၆၉ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးပြီး သူပေါင်း ၇၉ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး အပြည့်အဝထိုးနှံပြီးသူ ပေါင်း ၇၈ ဒသမ ၄ ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် လူ ၆၅၃ ဦး အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွား

**နယူးဒေလီ ဒီဇင်ဘာ ၂၈**

အိန္ဒိယနိုင်ငံတွင် ဒီဇင်ဘာ ၂၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၃၅၈ ဦး ရှိလာသောကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၇၉၉၆၉၁ ဦး အထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၉၃ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၈၀၂၉၀ အထိ ရှိလာခဲ့သည်။ နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၅၄၅၆ ဦးအထိ ရှိသည်။



အိန္ဒိယတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် တို့ဖတ်နမူနာရယူနေသည်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ ၆၄၅၀ အပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၃၄၂၄၃၉၄၅ ဦး ရှိလာပြီဖြစ်သည်။ ထို့အတူ နိုင်ငံအတွင်း အိုမီခရွန် ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူ ၆၅၃ ဦး ရှိလာပြီဖြစ်သည်။ အိုမီခရွန် ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၁၈၆ ဦး ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ခရိုင်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး ဘာသာရေးအဖွဲ့အစည်းများထံ ခရစ္စမတ်ဂါရဝပြုလက်ဆောင်များ သွားရောက်ပေးအပ်

မြစ်ကြီးနား ဒီဇင်ဘာ ၂၈

**၂၀၂၁ ခုနှစ် ကချင်ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီနာယကဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီးဒေါ်နန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်အားပေးကြသည်။**



အဆိုပါပြိုင်ပွဲကို တိုင်းဒေသကြီး/ ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အတွက် ပြည်နယ်အဆင့် ကြိုတင်ကျင်းပပြုလုပ်ခြင်းဖြစ်ကာ ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ ဗန်းမော်နှင့် ပူတာအိုခရိုင်တို့မှ ပြိုင်ပွဲဝင်ကစားသမားများက တစ်ဦးချင်းစိတ်ကြိုက် စွမ်းရည်ပြယှဉ်ပြိုင်ကစားခြင်းနှင့် အခြေခံစနစ်သစ် ငါးယောက်တွဲနှင့် အဆင့်မြင့်စနစ် သုံးယောက်တွဲပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့နောက် ဆုရအသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယဆုရသူများအား ပြည်နယ်လူမှုရေးရာဝန်ကြီးကလည်းကောင်း၊ အဆင့်မြင့်စနစ် သုံးယောက်တွဲ ပထမ၊ ဒုတိယနှင့် တတိယဆုများအား ပြည်နယ်အမျိုးသမီးအားကစားဆပ်ကော်မတီ နာယကအဖွဲ့ဝင်များကလည်းကောင်း၊ အခြေခံစနစ်သစ် ငါးယောက်တွဲပြိုင်ပွဲတွင် ဆုရအသင်းအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဥပဒေချုပ်တို့က ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ချီးမြှင့်ခဲ့ကြပြီး တံခွန်စိုက်ဒိုင်းဆုရ မြစ်ကြီးနားခရိုင်အသင်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆုငွေကျပ်သုံးသိန်းကို ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ မြို့မရပ်ကွက်ရှိ ဆစ်ဘုရားကျောင်းတွင် ဘာသာရေးခေါင်းဆောင်များနှင့် သွားရောက်တွေ့ဆုံကာ ခရစ္စမတ်ဂါရဝပြုလက်ဆောင်များ လှူဒါန်းပေးအပ်ခြင်းနှင့် ဆုတောင်းမေတ္တာပို့သပေးမှုများကို ခံယူခဲ့ကြပြီး အလားတူ မင်းရပ် ရပ်ကွက်ရှိ မင်းရပ်ဗဟိုဗလီကြီး၌ လည်းကောင်း၊ ရှမ်းစုမြောက်ရပ်ကွက်ရှိ သီရိရာမဂျက်နကီဟိန္ဒူဘုရားကျောင်း၌လည်းကောင်း၊ ရမ်ပူရပ်ကွက်ရှိ သီရိရာဒကစ္စနားဟိန္ဒူဘုရားကျောင်း၌ ဘာသာရေးခေါင်းဆောင်များထံ သွားရောက်တွေ့ဆုံပြီး ခရစ္စမတ်ဂါရဝပြုလက်ဆောင်များ ပေးအပ်လှူဒါန်းကာ ဆုတောင်းမေတ္တာပို့သမှုများကို ခံယူခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ် အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသောစာအုပ်စာတမ်းများ စာရင်းတွင် လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက်ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁ -၅၄၁၄၁၃ ၊ ၀၁-၅၄၄၅၈၂ ၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မင်းလှမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မင်းလှ ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာ ကာလအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ပတ်တန်းကျေးရွာအုပ်စု သဖန်းပင်ဆိပ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**(အပေါ်ယာပုံ)**



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် သဖန်းပင်ဆိပ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

သဖန်းပင်ဆိပ် ကျေးရွာ၌ ကျေးရွာတွင်း လမ်းအရှည် ပေ ၄၅၀ ၊ အကျယ် ၁၀ ပေ၊ အမြင့် ၈ လက်မ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၀၀ ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက သဖန်းပင်ဆိပ် ကျေးရွာရှိ အိမ်ထောင်စု ၅၁ စု၊ လူဦးရေ ၂၀၁ ဦး အကျိုးပြုမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သုတ(ကျေးလက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ်ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဒီဇင်ဘာ ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၇ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၃ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၆၀ ဦးရှိ

(၂၈-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၈၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက်ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၄၆) ရာခိုင်နှုန်း ရှိပါသည်။


သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၀၅,၄၂၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၀,၀၀၀) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၅၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၇,၅၈၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၆၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၈-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၇၇၀) ခု | (၄၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၅) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၉၈) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁၆) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၇၀၂) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၇၃) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၁၂၈) ခု | (၁၁၆) ဦး |
| စုစုပေါင်း | (၁၂,၈၄၂) ခု | (၁၈၇) ဦး |

**မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း ရောဂါဖြစ်ပွားမှု အခြေအနေ**
**(၂၇-၅-၂၀၂၁ မှ ၂၇-၁၂-၂၀၂၁)**




- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျ စည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာပံ့ပိုးပူးပေါင်း ဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်း လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။
- သို့ရာတွင် ပြည်သူလူထုအကြား မြုပ်ကွယ်နေသည့် ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ- ရောဂါလက္ခဏာ မပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်း မရှိသူများ) ထံမှ ရောဂါပိုးအဆင့်ဆင့်ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်း မရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာ လိုက်နာကြပါရန် ဖြစ်ပါသည်။
  - အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ် ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၈-၁၂-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ


| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၃၇၉၁၈၅၂ | ၄၁၂၀၃၆၉၈ | ၈၃၉၆၀၅ |
| ၂။ | အိန္ဒိယ | ၃၄၇၉၉၆၉၁ | ၃၄၂၄၃၉၃၅ | ၄၈၀၂၉၀ |
| ၃။ | ဘရာဇီး | ၂၂၂၄၆၂၇၆ | ၂၁၄၁၄၃၁၈ | ၆၁၈၅၇၅ |
| ၄။ | ဗြိတိန် | ၁၂၂၀၉၉၉၁ | ၁၀၁၂၆၆၅၆ | ၁၄၈၀၀၃ |
| ၅။ | ရုရှား | ၁၀၄၃၇၁၅၂ | ၉၃၃၇၄၃၇ | ၃၀၆၀၉၀ |
| ၆။ | တူရကီ | ၉၃၃၃၂၂၃ | ၈၉၆၅၇၄၈ | ၈၁၇၃၃ |
| ၇။ | ပြင်သစ် | ၉၁၄၆၄၅၁ | ၇၉၂၆၀၃၃ | ၁၂၂၈၉၈ |
| ၈။ | ဂျာမနီ | ၇၀၂၈၃၆၈ | ၆၂၁၇၈၀၀ | ၁၁၁၃၀၄ |
| ၉။ | အီရန် | ၆၁၈၈၈၅၇ | ၆၀၃၀၆၃၂ | ၁၃၁၄၇၄ |
| ၁၀။ | စပိန် | ၅၉၃၂၆၂၆ | ၅၀၃၁၉၆၁ | ၈၉၁၃၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၈-၁၂-၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၂၁၅၇ | ၄၁၁၃၄၇၂ | ၁၄၄၀၇၁ |
| ဖိလစ်ပိုင် | ၂၈၃၉၁၁၁ | ၂၇၇၈၁၄၈ | ၅၁၂၁၃ |
| မလေးရှား | ၂၇၄၃၉၃၆ | ၂၆၆၉၆၅၀ | ၃၁၃၆၉ |
| ထိုင်း | ၂၂၁၄၇၁၂ | ၂၁၅၉၄၄၃ | ၂၁၆၃၀ |
| ဗီယက်နမ် | ၁၆၈၀၉၈၅ | ၁၂၆၄၂၈၂ | ၃၁၆၃၂ |
| မြန်မာ | ၅၃၀၀၀၀ | ၅၀၇၅၈၆ | ၁၉၂၆၀ |
| စင်ကာပူ | ၂၇၈၀၄၄ | ၂၇၄၅၂၃ | ၈၂၅ |
| ကမ္ဘောဒီးယား | ၁၂၀၄၆၉ | ၁၁၆၈၈၅ | ၃၀၁၀ |
| လာအို | ၁၀၇၇၄၀ | ၉၆၀၃၃ | ၃၄၂ |
| ဘရူနိုင်း | ၁၅၄၆၁ | ၁၅၂၆၄ | ၉၈ |

## လေးကေ့ကော်မြို့သစ်ဝန်းကျင်တစ်ဝိုက် အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားသည့် ဖြစ်စဉ်နေရာပြပုံ




◆ *ကျောဖုံးမှ*

အလစ်အငိုက် နည်းမျိုးစုံဖြင့် သယ်ဆောင်ခြင်း၊ ပို့ဆောင်ခြင်းများ ပြုခဲ့ကြကြောင်း ဖမ်းဆီးရမိသူများ၏ ဖော်ထုတ်စစ်ဆေးချက်များအရ အဆိုပါဒေသအတွင်း ခိုအောင်းလျက်ရှိသော NUG နှင့် PDF အကြမ်းဖက်အဖွဲ့များကို လက်ခံခြင်းမပြုရန် သက်ဆိုင်ရာခေါင်းဆောင်များထံသို့ အသိပေးခဲ့သော်လည်း လက်နက်၊ ခဲယမ်း ဖမ်းဆီးရမိမှုများ ဆက်တိုက်ဖြစ်ပေါ်နေသည့်အတွက်လည်းကောင်း၊ လေးကေ့ကော်မြို့သစ်မှာလည်း ငြိမ်းချမ်းရေးရလဒ်၏ ပြယုဂ်တစ်ခု ဖြစ်နေ၍လည်းကောင်း NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို ဖော်ထုတ် ဖမ်းဆီးသွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးပြီး လုံခြုံရေးတပ်ဖွဲ့များက ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်မှစ၍ စတင်ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လေးကေ့ကော်မြို့သစ်အတွင်း ဥပဒေနှင့်အညီ ရှာဖွေစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ရာ အကြမ်းဖက် NUG အမည်ခံအဖွဲ့မှ PDF နှင့် CDM ပြုလုပ်ထားသူ ၂၁ ဦး ဖမ်းဆီးရမိခဲ့သည်။ ဒီဇင်ဘာ ၁၅ ရက်တွင်လည်း ဖော်ထုတ်ဖမ်းဆီးနေစဉ် KNU/KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားပြီး NCA ကို ဖျက်ဆီးစေလိုသည့် ခေါင်းဆောင်တချို့ပါဝင်သော NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများက စတင်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်မှ အရာရှိ၊ စစ်သည်များအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး တချို့မှာ ဖမ်းဆီးခံခဲ့ရသည်။

ထို့ကြောင့် မိမိကိုယ်မိမိ ခုခံကာကွယ်ရန် အလို့ငှာ တပ်မတော်အနေဖြင့် အကန့်အသတ်ဖြင့် အနည်းဆုံးအင်အားကို အသုံးပြု၍ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစ၍ KNU

*စာမျက်နှာ ၁၇ သို့*



ထီးမယ်ဝါးခီးတွင် အကြမ်းဖက်PDF ပူးပေါင်းအဖွဲ့က လက်နက်များ ထုတ်လုပ်သည့် မှတ်တမ်းဓာတ်ပုံ။



ထီးမယ်ဝါးခီးလမ်းဆုံတွင် သိမ်းဆည်းရမိသော လက်နက်များ မှတ်တမ်းဓာတ်ပုံ။




ထီးမယ်ဝါးခီးတွင် အကြမ်းဖက်PDF ပူးပေါင်းအဖွဲ့ အခြေပြုသည့် စခန်းမှတ်တမ်းဓာတ်ပုံ။



ထီးမယ်ဝါးခီးတွင် အကြမ်းဖက်PDF ပူးပေါင်းအဖွဲ့ အခြေပြုသည့် အဆောက်အဦ မှတ်တမ်းဓာတ်ပုံ။



ထီးမယ်ဝါးခီးတွင် အကြမ်းဖက်PDF ပူးပေါင်းအဖွဲ့ အခြေပြုသည့်စခန်းရှိ ဆက်သွယ်ရေးမြောင်း မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၆ မှ*

တပ်ခေါင်းဆောင်တချို့နှင့် တပ်ဖွဲ့တချို့၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက် သမားများအား ချေမှုန်းတိုက်ခိုက်ခဲ့ရာ အထက်ပါ အကြမ်းဖက် အုပ်စုများမှလည်း အင်အားများပြားစွာ စုစည်းလျက် မိမိတပ်မတော် စစ်ကြောင်းများအား နေ့/ည ဝိုင်းဝန်းပိတ်ဆို့လျက် တန်ပြန်တိုက်ခိုက်လာသဖြင့် တိုက်ပွဲများ ပြင်းထန်လာခဲ့သည်။

ထို့ကြောင် တပ်မတော်အနေဖြင့် ထုတ်ပြန်ထားသည့် Rule of Engagement အတိုင်း ROE နှင့်အညီ လိုအပ်သည့် အင်အားထပ်မံဖြည့်တင်းပြီး လေကြောင်းပစ်ကူဖြင့် ရန်သူပစ်မှတ်၊ စခန်းများအား ချေမှုန်းတိုက်ခိုက်မှုများကြောင့် တိုက်ပွဲပေါင်း ၂၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ယနေ့တွင် လေးကော့ကော်မြို့သစ်မှလွဲ၍ ကျန်အကြမ်းဖက်သမားများ ခိုအောင်းခဲ့သည့် ထီးမယ်ဝါးခီး၊ မယ်ထော်သလေး၊ အင်ကြင်းမြိုင်၊ မင်းလက်ပံနှင့် ဖလူးကျေးရွာစသည့် နေရာများအား ဖော်ထုတ်ဖမ်းဆီးထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါသည်။ တိုက်ပွဲဖြစ်စဉ်များတွင် အကြမ်းဖက်သမား သောင်းကျန်းသူများထံမှ အလောင်းတချို့နှင့် ဒသမ ၅ Sniper စက်သေနတ်ကြီး အပါအဝင်လက်နက်မျိုးစုံ ၁၉ လက်နှင့် ခဲယမ်းများ၊ ပြုလုပ်ဆဲလက်လုပ်သေနတ်များ သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များ အနေဖြင့်လည်း ဖရိုဖရဲထွက်ပြေးလျက်ရှိကြောင်း သိရှိရပါသည်။

အဆိုပါ တိုက်ပွဲများကြောင့် အပြစ်မဲ့ ပြည်သူလူထုများ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရှိရ၍ သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်နေထိုင်နိုင်ရေးအတွက် ယနေ့တွင် အသံချဲ့စက်များဖြင့် ကရင်ဘာသာ၊ မြန်မာဘာသာစကားများ အသုံးပြု၍ ဖိတ်ခေါ်လျက်ရှိကြောင်း သိရှိရပါသည်။ ၎င်းအပြင် တိုက်ပွဲအတွင်း အပြစ်မဲ့ပြည်သူများ မိမိနေထိုင်ရာ ကျေးရွာများသို့ အမြန်ဆုံးပြန်လည်အခြေချ နေထိုင်နိုင်ရန်အတွက်လည်း ထိုင်း-မြန်မာ နယ်ခြားကော်မတီများမှ ညှိနှိုင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း ဆက်လက်၍ လေးကော့ကော်မြို့သစ် တစ်ဝိုက်အား အကြမ်းဖက် သောင်းကျန်းသူများ မရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများနှင့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မယ်ထော်သလေး တိုက်ပွဲရှောင်ပြည်သူများ နေရပ်သို့ပြန်လာရာတွင် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။






ထီးမယ်ဝါးခီးတွင် သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံများ(အပေါ်ပုံနှင့် အောက်ပုံများ)။



ထီးမယ်ဝါးခီး လမ်းဆုံအနီးတွင် သိမ်းဆည်းရမိသော လက်နက်များ မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၈ သို့*











ထီးမယ်ဝါးခီးတွင် အကြမ်းဖက်PDF ပူးပေါင်းအဖွဲ့ အခြေပြုသည့် စခန်းမှတ်တမ်းဓာတ်ပုံများ။

စာမျက်နှာ ၁၇ မှ



တိုက်ပွဲရှောင်ပြည်သူများ နေရပ်တွင်ပြန်လည်နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံချဲ့စက်များဖြင့် ကရင်ဘာသာ၊ မြန်မာဘာသာစကားများ အသုံးပြု၍ ဖိတ်ခေါ်နေမှုကို တွေ့ရစဉ်။



မယ်ထော်သလေး တိုက်ပွဲရှောင်ပြည်သူများ နေရပ်သို့ ပြန်လာရာတွင် တာဝန်ရှိသူများက ကြိုဆိုနေသည့် မှတ်တမ်းဓာတ်ပုံ။






ထီးမယ်ဝါးခီးလမ်းဆုံရှိ ရန်သူ့စခန်းအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံများ။



ထီးမယ်ဝါးခီး
လမ်းဆုံရှိ
ရန်သူ့
စခန်းအား
သိမ်းပိုက်ရရှိမှု
မှတ်တမ်း
ဓာတ်ပုံများ။





ထီးမယ်ဝါးခီးလမ်းဆုံရှိ ရန်သူ့စခန်းအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



ထီးမယ်ဝါးခီးလမ်းဆုံရှိ ရန်သူ့စခန်းအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

ထီးမယ်ဝါးခီးလမ်းဆုံရှိ ရန်သူ့စခန်းအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



ထီးမယ်ဝါးခီးလမ်းဆုံရှိ ရန်သူ့စခန်းအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၁၂-၂၀၂၁ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဓမ္မစကြာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော် (အပိုင်း-၆)
**၀၉:၁၅** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း **'ဆောင်းခိုငှက်တို့အိပ်မြန်ချိန်'**
**၁၁:၄၅** ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၁၃:၃၀** MRTV National News
**၁၄:၀၀** **'အောင်သတင်းအငြိမ့်'**
**၁၆:၁၅** လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ် **'လွတ်လပ်ရေးတေးသံဇာတိမာန်'** (အပိုင်း-၂)
**၁၇:၁၅** ခေတ်အလိုက်ကြေးမုံပြင်
**၁၇:၄၀** MRTV Travelogue
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါးအချစ်ချိုချို'** (အပိုင်း-၁၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ် **'လွတ်လပ်ရေးတေးသံဇာတိမာန်'** (အပိုင်း-၃)
**၂၁:၃၀** လွတ်လပ်ရေးနေ့ဂုဏ်ပြုရုပ်ရှင် **'တိုက်ပွဲခေါ်သံ'** (သီဟတင်စိုး၊ မင်းဦး၊ ညွန့်ဝင်း၊ ဇော်လင်း၊ ဇင်မာဦး၊ ဆွေဇင်ထိုက်)

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:27** Global Partnership for Brighter Future: Indonesia Pavilion at Expo 2020 Dubai
**07:38** Discovering Tribes: Taung Yoe (Their Life and Customs)
**08:01** The Art of Sand Painting
**08:11** Yay Pyan Taung Waterfall
**08:33** Myanmar Masterclass: Artist Pann Kyi
**08:45** Toddy Palm Product Shop
**09:01** Myanmar's Traditions and Culture "Myanmar Pottery"
**09:24** Myanmar's Entrepreneurs: Soe Moe Aung
**09:37** Ecotourism: Monywa Tourism Zone
**09:55** Myanma Traditional Art, Silversmith
**10:01** Journey To The Mogok (Part-1)
**10:24** Secret Recipes by Gourmet Chefs (Thai)

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပွဲကိုင်ရှင်
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ပန်းချီဆရာစောလင်းထွန်းနှင့်တွေ့ဆုံမေးမြန်းခြင်း
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ချဉ်ပေါင်အချိုရည်ပြုလုပ်နည်း
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းပြည်နယ်၏အလှအပများ
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ရာသီအလိုက်မွန်ရိုးရာပွဲတော်များ
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့်အမိမြန်မာပြည်(အပိုင်း-၄)
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရေးဟောင်းမောက်စံ့ဘုန်းတော်ကြီးကျောင်း
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဖိုင်းဝါးရိုးရာခေါင်းပေါင်းပေါင်းနည်း
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကျောင်းမှန်မှန်တက်စာမခက်'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(ထိုင်းနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel** MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ **Education Channel** ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြို စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ ကျင်းပ

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံး ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား "လွတ်လပ်ရေးကို ထိန်းသိမ်းဖို့ တိုင်းရင်းသားများစည်းလုံးစို့" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား "လွတ်လပ်ရေးနေ့ ဒို့မေ့မေ့" ခေါင်းစဉ်များဖြင့် လည်းကောင်း စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ကျင်းပပေးခဲ့ကြောင်း သိရသည်။

**စောဒိ(ပြန်/ဆက်)**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "ပြည်သူ အပေါ် မဟုတ်မမှန်ဝါဒဖြန့် သွေးထိုးလှုံ့ဆော်နေသော ပြည်ဖျက်မီဒီယာများ" ခေါင်းစဉ်ဖြင့် ဒီဇင်ဘာလ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ဒီဇင်ဘာ ၁၄ ရက်၌ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်ပြည်သူ့ဆေးရုံမှ ဒေါက်တာ ဒေါ်ဝင့်ဝင့်မြိုင် အား လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့မှ သေနတ်ဖြင့် အကြောင်းမဲ့ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် အင်္ဂါနေ့ မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း၊ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၉၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၁၅ ကျပ် | ၁၃၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၃၅ ကျပ် | ၁၃၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၄၀ ကျပ် | ၁၃၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၉၀ ကျပ် | ၁၄၉၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၂ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၀၂၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၈ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၀၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၉၄ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၅ | ၄၂၅၀၀ |
| MTSH | ၃၀၅၀ | ၃၁၀၀ | ၂၂၅ | ၆၈၇၅၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၅ | ၃၉၅၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၅ | ၉၇၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နေပြည်တော် လေ့ကျင့်ရေးစခန်း၌ အားကစားနည်းများလေ့ကျင့်နေ

နေပြည်တော် ဒီဇင်ဘာ ၂၈

**၂၀၂၂ခုနှစ် ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။**

"ကျွန်တော်တို့ ဗီယက်နမ်ဆီးဂိမ်း ဝင်ရောက်ယှဉ်ပြိုင်ရေး နေပြည်တော်လေ့ကျင့်ရေးစခန်းမှာ ၂၀၂၁ ခုနှစ် ဧပြီလမှစတင်ကာ ပိုက်ကျော်ခြင်းအားကစားသမား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၃၀ ခန့် စခန်းသွင်းလေ့ကျင့်လျက် ရှိပါတယ်"ဟု မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ အမျိုးသား၊ အမျိုးသမီးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဆီးဂိမ်းပြိုင်ပွဲအပြင် တရုတ်နိုင်ငံတွင် ကျင်းပမည့် အာရှပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ထားကြောင်း သိရသည်။ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းအတွင်းရှိ ပီတန်းမြန်မာ့လက်ရွေးစင် အားကစားသမားများ၊ ဝဏ္ဏသိဒ္ဓိဖူဆယ်အားကစားရုံ၌ ဝူရှူးအားကစားနည်းမှ ဆန်းဆို(အတိုက်)၊ လက်ဝှေ့အားကစားသမားများ၊ ဘိလိယက်အားကစားသမားများ၊ တိုက်ကွမ်ဒိုအားကစားသမားများ ၊ ပိုက်ကျော်ခြင်းအားကစားသမားများ၊ ဗိုဗီနမ်အားကစားသမားများ၊ဝဏ္ဏသိဒ္ဓိ(A)ရုံ၌ ဂျူဒိုအားကစားသမားများ၊ ဝဏ္ဏသိဒ္ဓိမြားပစ်အားကစားကွင်း၌ အားကစားသမားများ လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ လက်ရှိ မြန်မာအားကစားအဖွဲ့များအနေဖြင့် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းနှင့် ရန်ကုန် အားကစားလေ့ကျင့်ရေးစခန်းများတွင်


ဆီးဂိမ်းပြိုင်ပွဲအတွက် ပိုက်ကျော်ခြင်းလေ့ကျင့်နေစဉ်။

လေ့ကျင့်မှုများ အပြင် ပြည်ပနိုင်ငံများသို့ အလေးမ၊ ပြေးခုန်ပစ်၊ ဝူရှူး၊ လက်ဝှေ့၊ ဘော်လီဘော ကနူး/ကယက် အားကစားနည်း ခြောက်မျိုးမှ အားကစားသမား ၇၀ ကျော်တို့ သွားရောက်လေ့ကျင့်လျက်ရှိကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**အာကာစိုး**

# ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

လာမည့်နှစ်တွင် ပြုလုပ်မည့် ၂၀၂၃ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ တတိယအဆင့် ခြေစစ်ပွဲကို ၂၀၂၂ ခုနှစ် ဇွန် ၈ ရက်မှ ၁၄ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး စုစုပေါင်း ၂၄ သင်းကို လေးသင်း ခြောက်အုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။

အာရှဖလား တတိယအဆင့် ခြေစစ်ပွဲအတွက် အုပ်စုမဲခွဲပွဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။ ၂၀၂၃ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အသင်းပေါင်း ၂၄ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အိမ်ရှင်တရုတ်အပါအဝင် ၁၃ သင်း ထွက်ပေါ်ပြီး ဖြစ်သောကြောင့် တတိယအဆင့် ခြေစစ်ပွဲမှ ၁၁ သင်းသာ ထပ်မံထွက်ပေါ်မည်ဖြစ်သည်။ တတိယအဆင့် ခြေစစ်ပွဲတွင် မြန်မာအပါအဝင် ကူဝိတ်၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ဖိလစ်ပိုင်၊ ဂျော်ဒန်၊ ဘာရိန်း၊ ပါလက်စတိုင်း၊ အိန္ဒိယ၊ ကာဂျစ္စတန်၊ မလေးရှား၊ တာ့ခ်မင်နစ္စတန်၊ မော်လ်ဒိုက်၊ နီပေါ၊ ဟောင်ကောင်၊ စင်ကာပူ၊ အာဖဂန်နစ္စတန်၊ မွန်ဂိုလီးယား၊ ထိုင်း၊ သီရိလင်္ကာ၊ ယီမင်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့် ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ခြောက်သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံး ငါးသင်း စုစုပေါင်း ၁၁ သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယအဆင့် ခြေစစ်ပွဲမှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး ပဉ္စမနေရာအသင်းများတွင် အကောင်းဆုံး သုံးသင်းစာရင်းဝင်ခဲ့သဖြင့် တတိယအဆင့်ခြေစစ်ပွဲ တိုက်ရိုက်ကစားခွင့် ရခဲ့ခြင်းဖြစ်သည်။

မြန်မာ့ လက်ရွေးစင်အသင်းသည် လာမည့်နှစ်တွင် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ရဲရင့်လွင်**

# မြန်မာအမျိုးသမီးတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်း အိန္ဒိယကလပ် ဂိုကူလမ်အသင်းတွင် ခြေစွမ်းပြဂိုးသွင်းယူနေ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် အိန္ဒိယကလပ် ဂိုကူလမ်အသင်းတွင် ခြေစွမ်းပြကာ ဂိုးများသွင်းယူလျက်ရှိသည်။ အိန္ဒိယအမျိုးသမီးလိဂ်ပြိုင်ပွဲကို ယခုလလယ်ပိုင်းတွင် စတင်ကျင်းပလျက်ရှိပြီး ဝင်းသိင်္ဂီထွန်းသည် ခြေစွမ်းပြကာ ဂိုးများသွင်းယူနေခြင်းဖြစ်သည်။ ဂိုကူလမ်အသင်းသည် ဝင်းသိင်္ဂီထွန်းကို နှစ်လစာချုပ်ဖြင့် စတင်ခေါ်ယူခဲ့သော်လည်း ပြည်တွင်းလိဂ်ပြိုင်ပွဲများအတွက် ဧပြီလကုန်အထိ စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ထားခြင်းဖြစ်သည်။ ဝင်းသိင်္ဂီထွန်းသည် ဂိုကူလမ်အသင်းသို့ စတင်ရောက်ရှိချိန်တွင် အထိုင်ကျရန် ရုန်းကန်ခဲ့ရသော်လည်း လက်ရှိတွင် အသင်းနှင့် အထိုင်ကျနေပြီဖြစ်ပြီး ခြေစွမ်းပြကာ ဂိုးများသွင်းယူလျက်ရှိသည်။ ဂိုကူလမ်အသင်းသည် ဝင်းသိင်္ဂီထွန်းကို နိုဝင်ဘာ ၇ ရက်မှ ၁၂ ရက်အထိကျင်းပသည့် အာရှအမျိုးသမီးကလပ်ပြိုင်ပွဲအတွက် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး စာချုပ်သက်တမ်းတိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဝင်းသိင်္ဂီထွန်းသည် မြန်မာအမျိုးသမီးဘောလုံးသမားများတွင် ပထမဆုံး ပြည်ပထွက်ကစားသူဖြစ်ပြီး ပြည်ပနိုင်ငံများတွင် သွားရောက်ကစားခွင့်ရရှိခြင်းကြောင့် အတွေ့အကြုံပိုင်းအပါအဝင် များစွာတိုးတက်လာဖွယ်ရှိနေသည်။

ရဲရင့်လွင်

# မြိတ်နှင့် ကျောက်ဖြူမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက် ညနေ ၆နာရီတွင် မြိတ်မြို့နယ် တုံးဗျောကျေးရွာအုပ်စု တုံးဗျောကြီးကျေးရွာနေ မြတ်ကျော် (ခ)လာမ်မဇစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဖြူမြို့ အရာရှိရပ်ကွက် အဝေးပြေးကားဝင်းရှိ ကားဂိတ်တွင် လူမဲ့တန်ဆာဖြင့် ရောက်ရှိနေသည့် ကတ်ထူပုံးကို လာရောက်ထုတ်ယူသူ ထွန်းကျော်ဝင်း၊ အောင်နိုင်(ခ)တွံတေး တို့ကို မော်တော်ဆိုင်ကယ် နှစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။


ရဲပြန်ကြား

# နယူးကာဆယ်ကို သရေကျခဲ့သည့်အတွက် အဆင့်လေးအတွင်းဝင်ရန် ရုန်းကန်ရတော့မည့် မန်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၁၉) ၏ နောက်ဆုံးပွဲစဉ်အဖြစ် နယူးကာဆယ်အသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက နယူးကာဆယ် အိမ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ အဆိုပါ ပွဲစဉ်ကို ပရိသတ်ငါးသောင်းနှစ်ထောင်ကျော် လာရောက်ကြည့်ရှုခဲ့သည်။

နယူးကာဆယ်အသင်းသည် ယခုပွဲစဉ် သရေကျမှုကြောင့် ပရီမီယာလိဂ် ၁၉ ပွဲကစားပြီး ရမှတ် ၁၁ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့်အတွက် လာမည့်နှစ် ပရီမီယာလိဂ်တွင် တင်ကျန်ရန် လက်ကျန်ပွဲစဉ်များကို ရလဒ်ကောင်းရရှိရေး ကြိုးစားရတော့မည်ဖြစ်သည်။ နယူးကာဆယ်အသင်းသည် ယခုပွဲစဉ်မတိုင်မီ လက်စတာ၊ လီဗာပူး၊ မန်စီးတီး စသည့် အမှတ်ပေးဇယားအထက်ပိုင်းမှ အသင်းကြီးများနှင့်ဆုံတွေ့ခဲ့ပြီး ဂိုးပြတ်ရှုံးနိမ့်ခဲ့သော်လည်း ယခုပွဲစဉ်တွင် မန်ယူအသင်းကို သရေကစားနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် မန်ယူအသင်းမှ ကစားသမားများ အမှားအယွင်းများခဲ့ပြီး ပြိုင်ဘက် နယူးကာဆယ်


နယူးကာဆယ်အသင်းမှ စိန့်မက်ဇီမင် မန်ယူအသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

အသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို ဂိုးသမား ဒီဂီယာလက်စွမ်းပြ ကာကွယ်နိုင်ခဲ့သောကြောင့် သက်သာရာရခဲ့သည်။ တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန် နိုင်ပွဲရရှိရေးကို ဦးတည်လာသည့် နယူးကာဆယ်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် မန်ယူအသင်းအခက်တွေ့ခဲ့ပြီး ပွဲချိန် ခုနစ်မိနစ်တွင်ပင် ခံစစ်အမှားမှတစ်ဆင့် နယူးကာဆယ်အသင်းကို ဦးဆောင်ဂိုးခွင့်ပြုပေးခဲ့ရသည်။ အဆိုပါဂိုးကို စိန့်မက်ဇီမင်က သွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက်တွင် မန်ယူအသင်း ချေပဂိုးရရှိရေး ကြိုးစားလာသော်လည်း အသင်းလိုက်စွမ်းဆောင်ရည် လိုအပ်ချက်ရှိနေသည့်အတွက် မိနစ် ၆၀ ကျော်သည်အထိ လိုအပ်နေသည့် ချေပဂိုးမြင်တွေ့ခဲ့ရခြင်း မရှိချေ။ ပွဲချိန် ၇၁ မိနစ်တွင် မန်ယူအသင်း ချေပဂိုး ရရှိခဲ့ပြီး လူစားဝင် တိုက်စစ်မှူး ကာဗာနီက သွင်းယူပေးနိုင်ခဲ့သည်။

မန်ယူအသင်းသည် ယခုပွဲစဉ်သရေကျမှုကြောင့် အဆင့်(၄)နေရာမှ အာဆင်နယ်အသင်းက ၁၉ ပွဲကစားပြီး ၃၅ မှတ် ရရှိထားသည့်အတွက် ရမှတ်ကွာဟမှု ခုနစ်မှတ်အထိ ရှိလာပြီဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်းသည် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်အတွက် လက်ကျန်ပွဲစဉ်များကို ရုန်းကန်ရတော့မည်ဖြစ်သည်။ မန်ယူအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၃၁ ရက်တွင် တန်းဆင်းဇုန်အတွင်းမှ ဘန်လေအသင်းနှင့် ထပ်မံရင်ဆိုင်သွားရမည်ဖြစ်သည်။

**အောင်ဇော်**

## အသိပေးနှိုးဆော်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် NUG၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့များ၏ တရားမဝင် လက်နက်များ၊ ခဲယမ်းများ၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် လက်လုပ်သေနတ်၊ ယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများကို လက်ဝယ်ကိုင်ဆောင် အကြမ်းဖက်မှုအပေါ်နှင့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတချို့တို့မှလည်း နိုင်ငံရေး၊ စစ်ရေး အမြတ်ထုတ်ရန်အလို့ငှာ ပြည်တွင်းသို့ နည်းမျိုးစုံဖြင့် ပို့ဆောင်နေသည့် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား နေ့စဉ်နှင့်အမျှ ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသကဲ့သို့ နည်းမျိုးစုံဖြင့် လက်ဝယ်ကိုင်ဆောင်သူ အကြမ်းဖက်သမားများ ထံမှလည်း ဖော်ထုတ်ဖမ်းဆီး/ သိမ်းဆည်းရမိလျက်ရှိပါသည်။

၂။ ၎င်းအပြင် တချို့သော အကြမ်းဖက်သမားများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ မသိနားမလည်မှု၊ ရိုးသားမှုအပေါ် အခွင့်ကောင်းယူလျက် မိမိတို့၏တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေး ပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများအပြင် တားမြစ်ပစ္စည်းများကိုလည်း နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် အပ်နှံသိမ်းဆည်းစေမှုများကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြမ်းဖက်သူများနှင့် မသက်ဆိုင်သူများကို မလိုလားအပ်သော တရားဥပဒေရင်ဆိုင်မှုများ မရှိစေနိုင်ရေး အလို့ငှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသည် အကြောင်းအမျိုးမျိုးနှင့် နည်းမျိုးစုံဖြင့် မိမိတို့နေအိမ်၊ တိုက်ခန်းနှင့် နေရာအသီးသီးတွင် တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် နိုင်ငံတော်မှဥပဒေအရ တားမြစ်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးများ လက်ဝယ်သို့ရောက်ရှိ သိမ်းဆည်းထားခြင်းများရှိကြပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ/ နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေး ထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြို့နယ်အချို့၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုအား မလိုလားသူ ဆူပူအကြမ်းဖက်သူများက စာသင်ကျောင်းများနှင့် ကျောင်းသုံးစာရွက်စာတမ်းများအား မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၈

**စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအား မလိုလားသူ ဆူပူအကြမ်းဖက်သူများက စာသင်ကျောင်းများနှင့် ကျောင်းသုံး စာရွက်စာတမ်းများအား မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။**

ထိုသို့မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့ရာ ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း RC နှစ်ထပ်ကျောင်းဆောင်အား အကြမ်းဖက်သမားများက ဓာတ်ဆီလောင်းမီးရှို့ခဲ့သော်လည်း မီးလောင်ပျက်စီးမှုမရှိကြောင်း။

အလားတူ ရေဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် သဲဖြူကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ထိန်းသိမ်းထားရှိသည့် သင်ရိုးညွှန်တမ်းစာအုပ်များနှင့် ကျောင်းသုံးဗလာစာအုပ်များအား နံနက် ၁၀ နာရီတွင် အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် စာအုပ်များ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့ မြနန္ဒာရပ်ကွက်ရှိအခြေခံပညာ အထက်တန်းကျောင်းအား ည ၇ နာရီ မိနစ် ၂၀ တွင် အကြမ်းဖက်သမားများက ဓာတ်ဆီပုလင်းများဖြင့် မီးရှို့ပစ်ပေါက်ခဲ့သော်လည်း ကျောင်းအဆောက်အဦ မီးလောင်ပျက်စီးမှုမရှိကြောင်း။


ထို့ပြင် ညနေ ၃ နာရီ ၄၅ မိနစ်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ကယားပြည်နယ် လွိုင်ကော်မြို့ နမ့်ဘောဝမ် (က) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး ပြည်ထောင်စုလမ်းနှင့် GTC လမ်းဆုံတွင် ဒေသန္တရလက်လုပ်မိုင်း သုံးလုံး၊ ဘိုးဘွားရိပ်သာလမ်းနှင့် GTC လမ်းဆုံတွင် ဒေသန္တရလက်လုပ်မိုင်း သုံးလုံးကို ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ထိခိုက်သေကျေ ပျက်စီးစေရန်အတွက် မိုင်းထောင်ထားသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့သဖြင့် သက်မဲ့ပြုလုပ်ရှင်းလင်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ စာသင်ကျောင်းများအား မီးလောင်ပျက်စီးစေရန် မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွင်းရှိ စာသင်ဆောင်တစ်ခု၏ လျှောက်လမ်း၌ ဓာတ်ဆီလောင်းမီးရှို့ခဲ့မှု။



မော်လမြိုင်ကျွန်းမြို့နယ် အလက(ခွဲ) (လှိုင်းဘုန်း) ၌ ကျောင်းသုံးစာအုပ်များ မီးရှို့ဖျက်ဆီးမှု။



လွိုင်ကော်မြို့၌ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများထိခိုက်စေရန် အကြမ်းဖက်သမားများက ထောင်ထားသည့် လက်လုပ်မိုင်းများ တွေ့ရှိရသည့် နေရာများ။



ဗန်းမောက်မြို့ အထကကျောင်းအား အကြမ်းဖက်အုပ်စု (စိစစ်ဆဲ) က ဓာတ်ဆီပုလင်းများဖြင့် မီးရှို့၍ ပစ်ပေါက်ခဲ့မှု။

# မွန်ပြည်နယ်ဝန်ကြီးချုပ် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

မော်လမြိုင် ဒီဇင်ဘာ ၂၈

**၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရေးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။**



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများအလိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကော်မတီအဖွဲ့ဝင်များက အချိန်မီ ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ ဌာနအလိုက် ကော်မတီဝင်များက ရှင်းလင်းတင်ပြဆွေးနွေးမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်ပြည်နယ်အနေဖြင့် လွတ်လပ်ရေးနေ့ အခမ်းအနားကို နှစ်စဉ်အောင်မြင်စွာ ကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခြင်းနှင့် အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များအညီ မြို့နယ်များအလိုက် ကျင်းပဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# ကာမိုင်းမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ကျောင်းတွင်းအားကစားပြိုင်ပွဲကျင်းပ

**ကာမိုင်း ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ရှိပြည်သူ့အားကစားကွင်းနှင့် အထက မြစ်မ်းရောင်ခန်းမတို့၌ ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၇ နှင့် ၂၈ ရက်တို့တွင် ကျင်းပသည်။



အဆိုပါ ကျောင်းတွင်းအားကစားပြိုင်ပွဲကို မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး အမျိုးသား၊ အမျိုးသမီး မီတာ ၅၀ အပြေးပြိုင်ပွဲ(ဝဲပုံ)၊ ဂုန်နီအိတ်စွပ်၊ လွန်ဆွဲ၊ ထုပ်ဆီးတိုး၊ ကျပန်းစကားပြော၊ စာစီစာကုံး၊ အာလူးကောက်၊ ပူဖောင်းဖောက်၊ ဖားခုန်၊ မုန့်စား၊ ပန်းကန်ပြားရွက်၊ ဖယောင်းတိုင်မီးထွန်း လမ်းလျှောက်ပြိုင်ပွဲ စသည့်အားကစားနည်းများကို ဆောင်ရွက်ပေးခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းကို ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**လဆိုင်း(ပြန်/ဆက်)**

# ရွှေသောင်ယံမြို့၌ လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများကျင်းပ

**ရွှေသောင်ယံ ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အ-ထ-က(ရွှေသောင်ယံ)တွင် ယနေ့နံနက် ၉ နာရီခွဲက ဇန်နဝါရီ ၄ ရက်တွင် ရောက်ရှိမည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများကို ကျင်းပကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို အ-ထ-က(ရွှေသောင်ယံ)ရှိ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက ယှဉ်ပြိုင်ကစားကြပြီး ထုပ်ဆီးတိုး အားကစားပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲများအပြင် အခြားကစားနည်းများစွာဖြင့် ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။ **(ယာပုံ)**

ထိုသို့ အားကစားပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ ကာယ၊ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်ကာ ကျန်းမာပျော်ရွှင် ထက်မြက်သော အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။ ထို့ပြင် အချင်းချင်း ပူးပေါင်းဆောင်ရွက်လိုသည့် စိတ်ဖြင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေမည်ဖြစ်ပြီး ထူးချွန်ထက်မြက်သောအနာဂတ်လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အားကစားပြိုင်ပွဲများ ပြုလုပ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**



# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို မြေသားလမ်းမှ ကတ္တရာလမ်းသစ်ဖွင့်



**သီပေါ ဒီဇင်ဘာ ၂၈**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးအောင်စည်ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီတာအေးနှင့် ဝန်ထမ်းများဆောင်ရွက်ခဲ့သော လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပန်းတိမ်တောင်ရပ်ကွက်၌ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အဆိုပါ ပန်းတိမ်တောင်ရပ်ကွက် ဆရာစံလမ်းအရှည်ပေ ၃၃၀၊ အကျယ် ၁၂ ပေနှင့် ထု ၉ လက်မရှိသော မြေသားလမ်းကို ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်ကာ မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၇၅၀၀၀၀၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပေးခဲ့သဖြင့် မြို့ပြနှင့် ကျေးလက်အပြင် ပတ်ဝန်းကျင်မြို့နယ်များသို့ ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာကုန်စည်များ ပို့ဆောင်ဆက်သွယ်နိုင်သဖြင့် ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကျွန်းစုမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလွတ်တန်း(ဖူဆယ်) ဘောလုံးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်း(ဖူဆယ်) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် ညနေပိုင်းတွင် မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အမှာစကားပြောကြားပြီး တနင်္သာရီရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထူး က ပါဝင်ယှဉ်ပြိုင်သည့် အားကစားအသင်းများအား အားကစားပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။ ထို့နောက် အားကစားအသင်းများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခဲ့ပြီး ပြိုင်ပွဲကို စတင်ကျင်းပကြသည်။

အဆိုပါ အလွတ်တန်း(ဖူဆယ်)ဘောလုံးပြိုင်ပွဲတွင် ကျွန်းစုမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များမှ အသင်း ၁၃ သင်းဖြင့် ယှဉ်ပြိုင်လျက်ရှိပြီး ဗိုလ်လုပွဲကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၈** ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့နှင့်တီးတိန်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေဇယားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ညောင်ရွှေ ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူးရုံးသည် ပန်းခင်းစီမံချက်ဖြင့် မြို့နယ်အတွင်းရှိ အရွယ်ရောက်ပြီးသူ၊ နိုင်ငံသားအရည်အချင်း ပြည့်ဝသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ ပျောက်ဆုံးပျက်စီးမှုများအတွက် မိတ္တူထုတ်ပေးခြင်း၊ လဲလှယ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေဇယား ရေးသွင်းပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ အိမ်ထောင်စုလူဦးရေဇယားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ပြုလုပ်သည်။



**ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်**

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ကြီးခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်က ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ကြီးခရိုင် ဦးစီးမှူးနှင့် ညောင်ရွှေမြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဇော်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။

**နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေး**

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် ယနေ့အထိ ညောင်ရွှေမြို့နယ်အတွင်း နိုင်ငံသားအရည်အချင်း ပြည့်ဝသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ ပျောက်ဆုံးပျက်စီးမှုများအတွက် မိတ္တူထုတ်ပေးခြင်း၊ လဲလှယ်ပေးခြင်းတို့အတွက် စုစုပေါင်း လူဦးရေ ၁၂၂ ဦးအား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသူများအတွက် ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။

**စိုင်းအယ်ဘဲ**

## ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၂ မြို့နယ်မှ သမဝါယမအသင်းများက စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ကျေးလက်နေ တောင်သူများ စိုက်ပျိုးထုတ်လုပ်ခဲ့သည့် စပါးများ ရောင်းချရာတွင် အခက်အခဲ မရှိစေရန်နှင့် သင့်တင့်မျှတသော ဈေးနှုန်းများ ရရှိစေရန် ရည်ရွယ်၍ သမဝါယမကဏ္ဍက စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ သာပေါင်း၊ ငပုတော၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း၊ အိမ်မဲ၊ မော်လမြိုင်ကျွန်း၊ ပန်းတနော်၊ ဓနုဖြူ၊ ဖျာပုံ၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များမှ မြို့နယ်သမဝါယမ အသင်းစုများနှင့် အခြေခံသမဝါယမအသင်းများက ဒေသအတွင်း စိုက်ပျိုးထွက်ရှိသည့် ဧည့်မထ၊ ပေါ်ဆန်း၊ ဆင်းသုခ၊ မနောသုခ၊ တောင်ပျံနှင့် ဘေးကြားတောင်ပျံ စပါး တင်းပေါင်း ၁၀၄၁၆၀ ကို ယခု ဒီဇင်ဘာလမှ စတင်၍ ဝယ်ယူ ဆောင်ရွက်သွားမည် ဖြစ် သည်။

ထိုသို့ စပါးဝယ်ယူရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် တောင်သူများ၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ် အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေး ထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် ဒီဇင်ဘာ ၂၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ တစ်ခုမှ Paracetamol Tablets ၃၀၀၀၀၊ Knoll's Ors(Oral Rehydration Salts) ၃၀၀၀၀၊ Troydom Tablets ၃၀၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Mon-Woven Plaster ၂၀၀၊ Genertator Spare Parts ၃၃၄ ခု၊ Operating Table ငါးခု၊ Medical Display Screen ၂၀၊ Cold Light Opetating Lamp နှစ်ခု၊ Blood Pressure Monitor ၁၆၅၆၄ ခု၊ ဆေးဝါးမျိုးစုံ ၅၁ မျိုး စုစုပေါင်း ၁၆၃၃၄၁ ဒသမ ၉၃ Kg၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ လေးခုတို့မှ Mask ၉၃၀၀၇ Kg၊ Face Shield ၆၁၇၆ Kg၊ Goggle ၄၀၀၀၊ PPE ၅၀၀၊ Oxygen Plant တစ်ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီ လေးခု၊ ယာဉ်စီးရေ ၁၅ စီးဖြင့် အောက်ဆီဂျင် Plant တစ်ခု၊ PPE ဝတ်စုံ ၅၀၀ နှင့် နှာခေါင်းစည်း (Mask) ၉၃ တန်တို့ကို တင်သွင်းခဲ့ပြီး အောက်ဆီဂျင် Plant တစ်ခုမှာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မန္တလေးမြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။ **သတင်းစဉ်**

## မိုးညှင်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၂၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မိုးညှင်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၂၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်း နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေး စခန်းတွင် မန္တလေးမှ မိုးညှင်းဘက်သို့ မောင်းနှင်လာသည့် AD VAN ခရီးသည်တင် မော်တော်ယာဉ်အား ရှာဖွေရာ နိုင်ဦး(ခ) မောင်နိုင် (၄၁) နှစ်နှင့် ပြည့်ဖြိုးအောင်(ခ) ကိုဖြိုး (၂၉)နှစ်တို့ နှစ်ဦး သယ်ဆောင်လာသည့် တန်ဖိုး ငွေကျပ် သိန်း ၅၂၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူ ၂၀ ဒသမ ၉ ကီလို သိမ်းဆည်းရမိခဲ့ပြီးစစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ နှစ်ဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိသည်။

**သတင်းစဉ်**



နိုင်ဦး(ခ)မောင်နိုင်နှင့် ပြည့်ဖြိုးအောင်(ခ)ကိုဖြိုးတို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## ဖခင်အမည်မှန်

ရေဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ အထက(မြင်းကဆိပ်) ဒသမတန်း(ဂ)မှ မောင်သီဟဇော်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းလင်း ၁၄/မမန(နိုင်)၁၉၇၀၂၅ ဖြစ်ပါကြောင်း။

**ဦးတင်ထွန်းလင်း**

## မိခင်အမည်မှန်

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ အထက(၄) အလုံ ဒုတိယတန်း(F)မှ မောင်သန့်ဇင်ထက်၏ မိခင်အမည်မှန်မှာ ဒေါ်နှင်းဥမ္မာဇင် ၁၂/အလန(နိုင်)၀၃၅၂၂၄ ဖြစ်ပါကြောင်း။

**ဒေါ်နှင်းဥမ္မာဇင်**

## ပတ်စ်ပို့ပျောက်

ကျွန်မ မရှုလုဘူ ၁/မစန(နိုင်)၀၅၀၀၀၈ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၇၈၆၅၉၂၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ အထက(သပြေညွန့်) ဒသမတန်းမှ မောင်အံ့မိုးမြတ်၏ ဖခင်ဦးအောင်ဆန်းဝင်းနှင့် ဦးကျော်ဆန်းဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မိခင် ဒေါ်မိုးသီနှင့် ဒေါ်မိုးသီတာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်ဆန်းဝင်း(ခ)ဦးကျော်ဆန်းဝင်း**
**ဒေါ်မိုးသီ(ခ)ဒေါ်မိုးသီတာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/8257, Toyota RAV4 ACA21 S/Wယာဉ်လက်ဝယ်ရှိသူ ဦးထွန်းကြည် ၇/ဇကန(နိုင်)၀၀၀၇၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅၈ ကေရှိ ဒေါ်နန်းဆိုင်(ခ)ဒေါ်နန်းဆိုင်း ၁/မကန(နိုင်)၀၇၁၁၀၂ (ဘ) ဦးထိန်နန် အမည်ပေါက်နှစ် ၃၀ မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၃၇၁၈)ကို ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ တရားမဇာရီမှုအမှတ် (၄/၂၀၁၉) အရ အမည်ပေါက် (တရားရှုံး)၏ ကိုယ်စား ဘီလစ်စာရေး ဦးကျော်ဆန်းဦး (ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄က ဒေါ်ထိုက်ထိုက်စိုး ၉/ပဘန(နိုင်)၀၀၁၂၈၀နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ အထက(သပြေညွန့်) ဒသမတန်းမှ မိုးပွင့်ဖြူ၏ ဖခင် ဦးမာနှင့်ဦးဇော်မင်းဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမာ(ခ)ဦးဇော်မင်းဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ အထက(သပြေညွန့်) ဒသမတန်းမှ မောင်စိုးထိုက်ဝင်း၏မိခင် ဒေါ်မတူးနှင့် ဒေါ်ကြည်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မတူး(ခ)ဒေါ်ကြည်ဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ အထက(သပြေညွန့်) ဒသမတန်းမှ မဝင်းသီရိချို၏ ဖခင် ဦးဝင်းစိုးနှင့် ဦးမောင်စိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းစိုး(ခ)ဦးမောင်စိုး**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၅လမ်း၊ အိမ်အမှတ် ၂၉တွင် လုပ်ငန်းလုပ်ကိုင်ကာ တာမွေမြို့နယ် တာမွေ ယာယီဈေးတွင် ဆိုင်ဖွင့်လုပ်ကိုင်လျက်ရှိသော ဝင်းသီရိမွန် ရွှေဆိုင်လုပ်ငန်းသည် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇၉ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၀၈ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ၂၀၁၇ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၃၆၃ တို့တွင် အမွေပုံပစ္စည်းဖြစ်ကြောင်း ဆုံးဖြတ်ထားခြင်းမရှိကြောင်းနှင့် ဒေါ်မိုးမိုးအေး ၁၂/တမန(နိုင်)၀၄၃၃၆၅ နှင့် ဒေါ်တင်မိုးသီ ၁၂/တမန(နိုင်)၀၀၀၀၅၇ တို့ ညီအစ်မ အရင်းနှစ်ဦးမှ ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိကာ အခြားမည်သူမျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိသည်ကို မမှန်မကန် ဆောင်ရွက် ပြုလုပ်လာပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မိုးမိုးအေး ၁၂/တမန(နိုင်)၀၄၃၃၆၅ နှင့် ဒေါ်တင်မိုးသီ ၁၂/တမန(နိုင်)၀၀၀၀၅၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးဝင်းထိန်**
**B.A, H.G.P, R.L, D.B.L, D.M.L, တရားလွှတ်တော်ရှေ့နေ**
**အမှတ် - ၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ ၁၅၅လမ်း၊ အိမ်အမှတ်-၂၉သည် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇၉ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၀၈ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ၂၀၁၇ ခုနှစ် တရားမပထမ အယူခံမှုအမှတ်-၃၆၃တို့တွင် အမွေပုံပစ္စည်းဖြစ်ကြောင်း ဆုံးဖြတ်ထားခြင်းမရှိကြောင်းနှင့် ဒေါ်မိုးမိုးအေး (၁၂/ တမန (နိုင်)၀၄၃၃၆၅)နှင့် ဒေါ်တင်မိုးသီ (၁၂/ တမန (နိုင်)၀၀၀၀၅၇)တို့ ညီအစ်မအရင်းနှစ်ဦးမှ ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး လက်ရှိနေထိုင်လျက်ရှိကာ အခြားမည်သူမျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိသည်ကို မမှန်မကန် ဆောင်ရွက်ပြုလုပ်လာပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မိုးမိုးအေး (၁၂/ တမန (နိုင်)၀၄၃၃၆၅)နှင့် ဒေါ်တင်မိုးသီ (၁၂/ တမန (နိုင်)၀၀၀၀၅၇) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးဝင်းထိန်**
**B.A, H.G.P, R.L,D.B.L, D.M.L, တရားလွှတ်တော်ရှေ့နေ**
**အမှတ် - ၅၈ / ၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ဖခင် အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အထက (မင်းလှ)၊ အဌမတန်းမှ မအေမီ ခိုင်နှင့် အမက(တောင်ရပ်)၊ စတုတ္ထတန်း မှ မောင်လင်းမြတ် မောင်တို့၏ ဖခင်အမည်မှန်မှာ ဦးစန်းလင်းဇော် ၈/မလန (နိုင်) ၀၆၉၆၇၇ ဖြစ်ပါကြောင်း။

**ဦးစန်းလင်းဇော်**

## ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀ဒသမ၂၃၆)ကေ၊ မြေ ကွက်အမှတ်(ဥ-၅၂၂၃)၊ ဦးပြည့်ဖြိုးအောင်(ဘ)ဦးတင်ဇေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးတင်ဆန်းနှင် ၁၂/အစန(နိုင်) ၁၈၂၀၄၉(ဘ)ဦးပါဆန်းက နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၇၈၀/၂၀၁၉ (၃၀-၁၂-၂၀၁၉)တင်ပြ၍ ဦးသီဟ ၁၂/သဃက(နိုင်)၁၆၁၂၁၆(ဘ)ဦးသန်းလွင်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀ဒသမ ၂၃၆ကေ၊ မြေကွက်အမှတ် ဥ-၅၂၂၂၊ ဦးပြည့်ဖြိုးအောင်(ဘ)ဦးတင်ဇေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးတင်ဆန်းနှင့် ၁၂/အစန(နိုင်)၁၈၂၀၄၉ (ဘ)ဦးပါဆန်း က နေပြည်တော်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၇၇၉/၂၀၁၉(၃၀-၁၂-၂၀၁၉)တင်ပြ၍ ဦးသီဟ ၁၂/သဃက(နိုင်)၁၆၁၂၁၆ (ဘ)ဦးသန်းလွင်အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀ဒသမ၂၃၆ ဧကေ၊ မြေကွက်အမှတ် (ဥ-၅၂၂၁)၊ ဦးပြည့်ဖြိုးအောင် (ဘ)ဦးတင်ဇေ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဦးတင်ဆန်းနှင့် ၁၂/အစန(နိုင်)၁၈၂၀၄၉ (ဘ)ဦးပါဆန်းက နေပြည်တော်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၇၇၈/၂၀၁၉ (၃၀-၁၂-၂၀၁၉) တင်ပြ၍ ဦးသီဟ ၁၂/သဃက(နိုင်)၁၆၁၂၁၆ (ဘ)ဦးသန်းလွင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀ဒသမ၂၃၆)ကေ၊ မြေကွက်အမှတ်(ဥ-၅၂၂၀)၊ ဦးပြည့်ဖြိုးအောင်(ဘ)ဦးတင်ဇေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးတင်ဆန်းနှင့် ၁၂/အစန(နိုင်) ၁၈၂၀၄၉(ဘ)ဦးပါဆန်းမှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၇၃၁/၂၀၁၉ (၁၉-၁၂-၂၀၁၉)တင်ပြ၍ ဦးသီဟ ၁၂/သဃက(နိုင်)၁၆၁၂၁၆(ဘ)ဦးသန်းလွင်အမည်ဖြင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေး ကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထက(ပုဏ္ဏားကျွန်းမြို့) ၂၄-ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့၊ အထကကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား တပည့်အပေါင်း ကျောင်းသား/သူဟောင်းများက အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ၂-၁-၂၀၂၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပုဏ္ဏားကျွန်းမြို့ အထက (ခန်းမ)၌ ပြုလုပ်မည်ဖြစ်ပါ၍ အပူဇော်ခံ ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဦးစားပေးတက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြား အပ်ပါသည်။

**ဆက်သွယ်ရန်-**
- **ဦးအောင်မြင့် (နာယက) ဖုန်း-၀၉-၄၂၀၇၁၃၉၁၁**
- **ဦးလှရွှေ(ဥက္ကဋ္ဌ) ဖုန်း-၀၉- ၄၂၀၇၃၆၃၃၀**
- **ဦးမောင်လှဝင်း(ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉-၄၀၂၆၇၀၁၅၈**
- **ဦးမောင်ခင်စိုး(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၂၅၀၁၂၅၉၃၇**

## ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ နမ့်ဆန်မြို့

၁။ ၂၀၂၁-၂၀၂၂ခုဘဏ္ဍာရေးနှစ်၊ (၆)လဘတ်ဂျက်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နမ့်ဆန်မြို့နယ်၊ ဇယန်းကြီး ဘုန်းတော်ကြီးကျောင်းအရှေ့ဘက် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဇယန်းကြီးဘုန်းတော်ကြီးကျောင်း ရှေးဟောင်းသမိုင်းဝင်စေတီဘေး ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| (က) တင်ဒါစတင်ရောင်းချမည့်ရက် | - | ၂၈-၁၂-၂၀၂၁ရက် |
| (ခ) တင်ဒါရောင်းချမှုပိတ်သိမ်းမည့်ရက် | - | ၁၁-၁-၂၀၂၂ရက် |
| (ဂ) တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက် | - | ၁၈-၁-၂၀၂၂ရက် |
| (ဃ) တင်ဒါတင်သွင်းမည့်နေရာ | - | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၊ နမ့်ဆန်မြို့ |

၂။ အသေးစိတ်အချက်အလက်များကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ဖုန်း-၀၈၂-၈၉၂၁၁၊ ၀၈၂-၈၉၂၁၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ဃ/၈၉၃၆၇ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မိုးကြိုင် ၁၀/မဒန(နိုင်)၀၀၈၆၁၆ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/4919, Mitsubishi Canter, Van(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့်စိုး ၁၂/ပဘတ(နိုင်)၀၂၈၅၉၈ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံးခွဲ(ရွာသာကြီး)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/8979. Htrla MK(HI-17), Pick Up(4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာခင် ၁၀/ဘလန(နိုင်)၀၈၆၃၄၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

